သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၂၂)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း မန်းရွှေစက်တော်ဖူးမြော် အောက်စက်တော်ရာနှင့် အထက်စက်တော်ရာစေတီတော်အား ရွှေသင်္ကန်းလှူဒါန်း

ရန်ကုန် မေ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယမန်နေ့က မကွေးတိုင်း မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ဝါစိုက်ပျိုးရေးစခန်း ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပွင့်ဖြူမြို့နယ်ရှိ တပ်မတော် ဝါစိုက်ပျိုးရေးစခန်း (ပွင့်ဖြူ) ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ ပေါများကြွယ်ဝလှသော မြေသယံဇာတများ ထိရောက်စွာအကျိုးရှိရှိ အသုံးချ ခေတ်မီလယ်ယာမှ အရည်အသွေးမီသီးနှံများ ပေါ်ထွက်လာမှသာ ပြည်ပဈေးကွက်တင်ပို့နိုင်မည် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းက နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်း စီမံကိန်းလုပ်ငန်းကြီးပြီးစီးတော့မည်ဖြစ်ရာ တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျလုပ်ကိုင်

ရန်ကုန် မေ ၁၁

မန္တလေးတိုင်း ပုဂံ–ညောင်ဦးတွင် ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် နှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနအကြီးအကဲများ၊ တိုင်းရင်းသား စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့်အတူ မေ ၉ ရက် နံနက် ၇ နာရီခွဲတွင် ပုဂံ–ညောင်ဦးမှ မကွေးတိုင်း စလင်းမြို့နယ်ရှိ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်၏ တည်ဘိုကန် မြေလွတ်မြေလပ်ဖော်ထုတ်ရေးစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၁၂ ရက်)

ပဲခူးတိုင်းကို နိုင်ငံတော်၏ ဒုတိယစပါးကျီဖြစ်ရေး ဌာနဆိုင်ရာများက ဝါယမစိုက်ထုတ် ကြိုးပမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မေလ ၉ ရက်နေ့ မွန်းလွဲပိုင်းက တောင်ငူမြို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း တောင်ငူခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းကာကွယ်ရေး၊ ပျိုးထောင်ရေး၊ လမ်းတံတားလုပ်ငန်းနှင့် မြို့စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းကာ ဖြည့်ဆည်း ပေးသင့်သည်များကို ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် –

"ပဲခူးတိုင်းသည် ဧရာဝတီတိုင်းပြီးလျှင် နိုင်ငံတော်အတွက် ဒုတိယစပါးကျီ ဖြစ်စေရမည်ဟု နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ခဲ့သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ပဲခူးတိုင်း၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ပဲခူးတိုင်းအတွင်း ပဲခူးတိုင်း အရှေ့ခြမ်းနှင့် အနောက်ခြမ်းပါ ရေမြေသဘာဝ လိုအပ်ချက်အရ ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင်စီမံကိန်းများကို နိုင်ငံတော်ဘဏ္ဍာငွေ အမြောက်အမြားအကုန်အကျခံ၍ လက်ယှက်ထိုး တည်ဆောက်ပေးခဲ့သည်။

ယခုအခါ ပဲခူးတိုင်းအတွင်း ရေလှောင်တမံ ၂၈ ခု၊ ရေထိန်းတမံတစ်ခု၊ ရေလွှဲဆည် လေးခု၊ ရေထိန်းတံခါး လေးခုနှင့် မြစ်ရေတင်စီမံကိန်း ၅၇ ခု တည်ဆောက်ပေးခဲ့ပြီဖြစ်သည်။

ထို့အပြင် တည်ဆောက်ဆဲ ရေလှောင်တမံလေးခုနှင့် ရေထိန်းတံခါးတစ်ခုတို့ရှိပြီး ရေလှောင်တမံ ရှစ်ခုနှင့် မြစ်ရေတင်စီမံကိန်း ၄၂ ခုတို့ကို ဆက်လက်တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းအတွင်း စိုက်ဧကတိုးချဲ့ခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်း လုပ်ငန်းများသာမက အမျိုးသားစီးပွားရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းရေးတွင် ပဓာနကျသည့် မြေယာနှင့်စိုက်ပျိုးရေးဆိုင်ရာ ကိန်းဂဏန်းများတိကျမှန်ကန်စေရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့က စနစ်တကျနှင့် မှန်ကန်တက်ကြွစွာ စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရန် လိုပေသည်။

ပဲခူးရိုးမတစ်လျှောက် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများ မဖြစ်ပေါ်စေရေးအတွက် ကုန်းမြင့်လယ်ယာစနစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာစေရေး၊ ကျွန်းစိုက်ခင်းများ၊ သစ်တောစိုက်ခင်းများ ထူထောင်ပြီး တောပြုန်းတီးမှု ထိရောက်စွာကာကွယ်တားဆီးရေး၊ ၄က်ပျောခင်းများအကြား ကျွန်းပင်များ ကြားညှပ်စိုက်ပျိုးရေးတို့ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက် ရန်ကုန်–မန္တလေးကားလမ်းမကြီး အပါအဝင် မြို့ချင်းဆက်လမ်းများ၊ မြို့တွင်းလမ်းများ၊ မြို့နှင့်ကျေးရွာဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများကို စနစ်တကျ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်သည်။

သို့ဖြစ်ရာ ပဲခူးတိုင်းကို နိုင်ငံတော်၏ ဒုတိယစပါးကျီဖြစ်စေရေး မျှော်မှန်းချက် ပြည့်မြောက်အောင်မြင်စေရေးအတွက် နိုင်ငံတော်အစိုးရက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးနေသည့်အချိန်အခါတွင် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံတော်၏ ရည်မှန်းချက်များကို သိမြင်သဘောပေါက်ပြီး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန် ဝါယမစိုက်ထုတ် ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မေ ၇ ရက်က ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း ဓမ္မသဘာ ကျောင်းဆောင်အခန်းအတွက်အလှူတော်ငွေကျပ်တစ်သိန်းငါးသောင်းကို အလှူရှင် ရန်ပြေ ၉ လမ်း သာကေတနေ ဦးသက်ဆွေ၊ ဒေါ်လှလှဌေးမိသားစုက လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် ပိဋကတစ်ပုံခွဲဆောင် အရှင်ခေမာသိရီ လင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။

(၁၁၅)

စိုက်ပျိုးရေးလုပ်ငန်းများခေတ်မီနည်းပညာများဖြင့်ဆောင်ရွက် သီးနှံအထွက်နှုန်းကောင်းရေး သွင်းအားစုများ စနစ်တကျထည့်သွင်း

ရန်ကုန် မေ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ၇ရက် နံနက် ၁၀ နာရီက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျောက်နီဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းဧက ၅၀၀၀ သို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း ဧက ၅၀၀၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေးခြံအတွက် မြေနေရာရွေးချယ်မှုအခြေအနေ၊ ပထမအဆင့်အနေဖြင့် ဧက ၃၀၀၀ ဖော်ထုတ်ဆောင်ရွက်နေမှုနှင့် ရေရရှိရေးဆောင်ရွက်နေမှုအခြေအနေ၊ ဒုတိယအဆင့် ဆက်လက်တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ညွန့်လင်းက စိုက်ပျိုးမွေးမြူရေးစခန်း အတွင်း တိုင်းစစ်ဌာနချုပ်မှ ဧက ၂၀၀၀၊ ပြည်နယ်ဌာနဆိုင်ရာများမှ ဧက ၁၀၀၀ စိုက်ပျိုးဆောင်ရွက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ သီးနှံများ နှစ်ရှည်ပင်များ ပျိုးထောင်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးစခန်းအတွက် လုပ်ငန်းများအောင်မြင်စေရေး ဆောင်ရွက်ပေးမှုအခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးဆောင်ရွက်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဒေသတွင်း ယခုကဲ့သို့ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံကြီးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ ဒေသအတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်၍ ဒေသခံပြည်သူများသို့ နည်းပညာပြန့်ပွားရေးဆောင်ရွက်ကြရန်လိုကြောင်း။ သီးနှံများအထွက်နှုန်း ကောင်းမွန်ရေးအတွက် သွင်းအားစုများ စနစ်တကျထည့်သွင်း၍ စိုက်ပျိုးရေအချိန်မီရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူ ထုတ်လုပ်မှုကိုလည်း စနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်မည့်မြေအခြေအနေ၊ ယာဉ်ယန္တရားကြီးများဖြင့် မြေပြုပြင်ဆောင်ရွက်နေမှု၊ပျိုးပင်များပျိုးထောင်ထားမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် တောင်ကြီးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ နမ့်လပ်စိုက်ပျိုးရေးခြံသို့ သွားရောက်ရာ စိုက်ပျိုးရေးခြံတာဝန်ခံ ဦးကျော်စိုးက စိုက်ပျိုးရေးခြံအတွင်း သရက် ၃၃ ဧက၊ ပျားလိမ္မော် ၁၅ ဧက၊ လိမ္မော်၁၂ဧက စိုက်ပျိုးထားရှိမှု၊ စိန်တလုံး၊ မြကျောက်၊ ရွှေဟင်္သာ မျိုးသရက်ပင် ၉၀၀ စိုက်ပျိုးထားရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားညှိနှိုင်း ဆောင်ရွက်ပေးပြီး စိုက်ပျိုးရေးခြံအတွင်း ပျားလိမ္မော်စမ်းသပ် စိုက်ပျိုးထားရှိမှု၊ သရက်ပင်များ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ အထူးတရားပွဲ

ရန်ကုန် မေ ၁၁

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း အောင်ဆန်းတောရ တပ်ဦး ဆရာတော် ပဓာနနာယက မဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရသည် မေ ၁၃ ရက် ည ၇ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း ကျောင်းကြီးတိုက်ဝင်းအတွင်းရှိ မဟာပုညောပကာရ မှော်ရုံကြီး၌ ကွယ်လွန်သူ ဖခင်ကြီး ဦးသင်းမောင်အား ရည်စူး ပြုလုပ်သည့် နိဗ္ဗာန်ရောက်ကြောင်း အထူးဝိပဿနာတရားကို ဟောကြား မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရွှေဘိုအသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး

ရန်ကုန် မေ ၁၁

ရွှေဘိုအသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ အကယ်ဒမီ ဒါရိုက်တာ ဆုရနှင့် လူမှုထူးချွန်ဆုရသူများအား ဂုဏ်ပြုဆုပေးရန် Y.M.C.A (မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်)တွင် မေ ၂၂ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အသင်းသူ အသင်းသားများနှင့် ရာသက်ပန် အသင်းသားများထဲမှ အသက် (၇၅)နှစ်နှင့် အထက်ရှိသူများ၊ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် အထောက်အထားများဖြင့် ဦးဌေးမောင် ဖုန်း– ၂၉၀၁၆၈၊ ဦးထွန်းထွန်းဦး ဖုန်း– ၃၇၂၁၀၄နှင့် ဦးမောင်ကျော် ဖုန်း– ၅၇၂၁၂၅ တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ရန်ကုန် မေ ၁၁

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန က အောင်ဆန်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် အမက (၂၈) ကျောင်း

နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

ခန်းမ၌ မြန်မာနိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနိုင်ရေးအတွက် ဒုတိယ ဦးစီးမှူး ဒေါ်နီလာဦးခေါင်းဆောင်သည့် အဖွဲ့က ဧပြီ ၂၀ရက်တွင် ကွင်းဆင်း ဆောင်ရွက်နေမှုကို မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ရေးဦးစီးဌာနမှူး ဦးရဲထွဋ်၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးမြလှိုင်တို့က ကြည့်ရှုစစ်ဆေးကြသည်။

(က-ပ)

● ရှေ့ဖုံးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓမြတ်စွာ၏ အောက်စက်တော်ရာအား ဖူးမြော်ကြည်ညိုကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် အောက်စက်တော်ရာအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အထက်စက်တော်ရာသို့ သွားရောက်ကြပြီး အထက်စက်တော်ရာစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ရွှေသင်္ကန်းကပ်လှူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် အထက်စက်တော်ရာစေတီတော်အား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မန်းရွှေစက်တော်ဘုရားဘက်စုံမွမ်းမံပြုပြင်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မန်းရွှေစက်တော်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် မန်းရွှေစက်တော် ကိုးခန်းကြီးတန်ဆောင်းရှိ မဟာမြတ်မုနိရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မကွေးတိုင်း မင်းဘူး(စကု)မြို့နယ်ရှိ ဗုဒ္ဓမြတ်စွာ၏ အထက်စက်တော်ရာအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရပူဇာမင်္ဂလာ၊ ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့ ရပူဇာမင်္ဂလာ ဒဂုံမြို့ဦး ဘုန်းတော်ကြီးပညာသင် နှစ်ထပ်ကျောင်းဆောင် အလှူငွေပေးအပ်ပွဲ ကျောင်းဆောင်သစ်အပ်ပွဲမင်္ဂလာနှင့် ကျောက်ချောကတ္တရာလမ်းဖွင့်ပွဲမင်္ဂလာကျင်းပမည်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး ၁ လမ်းရှိ သီရိမင်္ဂလာ မဟာစည်ရိပ်သာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်အပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇမ္ဗူမော်စာချဆရာတော် ဘဒ္ဒန္တ ဝိစိန္တာဝံသအား ပူဇော်ခြင်းမင်္ဂလာ၊ ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ရ တွံတေးအရှင်ဣန္ဒကအား ပူဇော်ခြင်းမင်္ဂလာ၊ ဒဂုံမြို့ဦးဘုန်းတော်ကြီး ပညာသင် နှစ်ထပ်ကျောင်းဆောင်ဆောက်လုပ်ခြင်းအတွက် အလှူငွေပေးအပ်ပွဲ၊ ကျောင်းဆောင်သစ်အပ်ပွဲမင်္ဂလာနှင့် မြဝတီမင်းကြီး ၁ လမ်းနှင့် ဘုရင့်နောင်လမ်းသွယ် ၁ ကျောက်ချောကတ္တရာလမ်းဖွင့်ပွဲ မင်္ဂလာများကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ရက် (မေ ၁၅ ရက်)မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ တပည့်ရဟန်းများ၊ ဒါယကာ ဒါယိကာမများ ကြွရောက်ပူဇော် အားပေးချီးမြှောက်နိုင်ကြောင်း ဖိတ်ကြားအပ်ပါသည်။

သီရိမင်္ဂလာမဟာစည်ရိပ်သာစောင့်ရှောက်ရေးအဖွဲ့
ဖုန်း-၅၈၀၄၅၄

မြဝတီရုပ်မြင်သံကြား

၁၂-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Natural Resource Development (ပြည်သူ့ရေးရာ)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း-၉)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၁၆)

မြန်မာ့ရုပ်မြင်သံကြား

၁၂-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ ဆပ်သွားတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Happy and Educational English Summer Course MRTV.

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၁၅ ၆။ သီချင်းကြီးပဒေသာ
၁၇:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၄၅ ၈။ ယူးချောင်းတံတား
၁၇:၅၅ ၉။ တေးဂီတအစီအစဉ်
၁၈:၁၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၂၀ ၁၁။ Discovery
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၁၉:၂၀ ၁၅။ တေးဂီတအစီအစဉ်
၁၉:၃၅ ၁၆။ စွမ်းဆောင်ကြိုးပမ်း ရှေ့သို့လှမ်း၍ အောင်ပွဲဆင်နေ မြန်မာ့ရွက်လှေ **(အပိုင်း-၁)**
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၃၄)

တိပိဋကဓရအရှင်မြတ်များအား ချီးကျူးဂုဏ်ပြုပူဇော်မည်

ရန်ကုန် မေ ၁၁

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဖွဲ့စည်း တည်ထောင်တော်မူခဲ့သော တိပိဋက=နိကာယ ကျောင်းတိုက်ကြီးမှ ၁၃၆၅ခုနှစ် (၅၆)ကြိမ်မြောက် တိပိဋကဓရစာမေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့ကြသော တိပိဋကဓရတိပိဋကကောဝိဒ အရှင်ဣန္ဒပါလနှင့် တိပိဋကဓရ အရှင်ဣန္ဒာစရိယ အပါအဝင် ပိဋကစာအောင် သံဃာတော် ၃၃ ပါး အရှင်မြတ်တို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကြီးကို မေ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ချီးကျူးပူဇော်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် မေ ၂၀ ရက် နောက်ဆုံးထားပြီး ပေးပို့လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။

(က-ပ)

ရမ်းစဖဲလ် နုတ်ထွက်သင့်ကြောင်း ဂါဒီယန်သတင်းစာ ရေးသားဖော်ပြ ဒေးလီးတယ်လီဂရပ်ဖ်သတင်းစာက အမေရိကန်ကြောင့် ဗြိတိန်သိက္ခာကျဟုဆို

လန်ဒန် မေ ၉

မေ ၇ရက်က အမေရိကန်နိုင်ငံ၌ ပြုလုပ်ခဲ့သော အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ ကြားနာစစ်ဆေးမှုများအား ကမ္ဘာတစ်ဝန်းက စိတ်ဝင်တစား စောင့်ကြည့်ခဲ့ရာ ဗြိတိန်မီဒီယာများကလည်း ဝေဝေဆာဆာ ဖော်ပြခဲ့ကြသည်။

ဗြိတိန်သတင်းဌာနအချို့က အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်သာမက အမေရိကန်တစ်နိုင်ငံလုံးကိုပါ တရားခွင်တင်စစ်ဆေးသကဲ့သို့ဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ ယခုစွပ်စွဲမှုများသာမက နောက်ထပ်ထွက်ပေါ်လာနိုင်သော အီရတ်အကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ ဓာတ်ပုံများ၊ ဗီဒီယိုခွေများကြောင့် ဆက်လက်ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ဗြိတိန်သတင်းစာများက အာရုံစိုက်လျက်ရှိကြသည်။

သိက္ခာကျ

ဂါဒီယန်သတင်းစာက ရမ်းစဖဲလ်ရာထူးမှ နုတ်ထွက်သင့်ကြောင်း ဖော်ပြခဲ့ပြီး ဒေးလီးတယ်လီဂရပ်ဖ်သတင်းစာက ဗြိတိန်သည် အပေါင်းပါအမေရိကန်ကြောင့် သိက္ခာကျရကြောင်း ရေးသားခဲ့သည်။

ကြုံတွေ့

ဒေးလီးမီးရာသတင်းစာမှာ ဖော်ပြသော ဓာတ်ပုံများအရ ဗြိတိန်တပ်ဖွဲ့ဝင်များသည်လည်း အီရတ်အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းကြောင်း စွပ်စွဲချက်များ ပေါ်ထွက်လာပြန်ခြင်းကြောင့် ဗြိတိန်အစိုးရသည်လည်း အလားတူပြဿနာမျိုး မကြာမီကြုံတွေ့လာနိုင်ကြောင်း ခန့်မှန်းနေကြသည်။

မေးမြန်း

ယခုစုံစမ်းစစ်ဆေးမှုမှာ ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်အနေဖြင့် ကြံ့ကြံ့ခံနိုင်သော်လည်း လာမည့်နိုဝင်ဘာလ၌ သမ္မတဘုရှ် ပြန်လည်အရွေးခံနိုင်ပါဦးမည်လားဆိုသည်ကို မေးမြန်းလျက်ရှိကြသည်။ **(စီအင်န်အင်န်)**

နိုင်ငံတကာသတင်းများ

ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများကို ပြန်လွှတ်ပေးရန် မေ ၁၀ရက်က ဘဂ္ဂဒက်ရှိ အဘူဂါရိပ်အကျဉ်းစခန်း အပြင်ဘက်တွင် အီရတ်အမျိုးသမီးများ ဆန္ဒပြတောင်းဆိုနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသား၏လည်ပင်းကြိုးချည်ခဲ့သူ ကန်အမျိုးသမီးတပ်ဖွဲ့ဝင်အားနှိပ်စက်မှုဖြင့်တရားစွဲဆို

ဝါရှင်တန် မေ ၉

သတင်းစာကြီးများတွင် ဖော်ပြခဲ့သော အီရတ်အကျဉ်းသား၏ လည်ပင်းကို အမေရိကန်အမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦး ကြိုးချည်နေသည့်ပုံမှ အဆိုပါ အမေရိကန်အမျိုးသမီးတပ်ဖွဲ့ဝင်ကို အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုဖြင့် စစ်ဘက်ဆိုင်ရာက သောကြာနေ့၌ တရားစွဲဆိုလိုက်သည်။

တရားစွဲ

ယင်းအမျိုးသမီးတပ်ဖွဲ့ဝင် လင်ဒီအင်္ဂလန် ၂၁နှစ်သည် အကျဉ်းသားမတရားနှိပ်စက်မှုဖြင့် တရားစွဲခံရသော အမေရိကန်အရန်စစ်ရဲတပ်ဖွဲ့မှ သတ္တမမြောက် တပ်ဖွဲ့ဝင်ဖြစ်သည်။

အောင်ပွဲခံ

သတင်းစာ၌ ဖော်ပြခဲ့သော အခြားပုံတစ်ပုံတွင် အင်္ဂလန်သည် အဘူဂါရိပ်အကျဉ်းထောင်၌ ဝတ်လစ်စလစ် အီရတ်အကျဉ်းသား၏ ရှေ့တွင်စီးကရက်တစ်လိပ်ကိုခဲကာ အောင်ပွဲခံသင်္ကေတဖြစ်သော လက်မကို ထောင်ပြခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

အမေရိကန်နိုင်ငံအား အကြမ်းဖက်နိုင်ငံအဖြစ် ဗင်နီဇွဲလား သမ္မတချားဗက်ဇ်က ပြစ်တင်ရှုတ်ချ

ကရာကာ့စ်(ဗင်နီဇွဲလား) မေ ၁၀

ကျူးဘားနိုင်ငံကို အမေရိကန်ပြည်ထောင်စုက အကြမ်းပတမ်းပိတ်ပင် အရေးယူခြင်းသည် အကြမ်းဖက်သော နိုင်ငံပင်ဖြစ်သည်ဟုဆိုကာ ဗင်နီဇွဲလား သမ္မတ ဟူဂိုချားဗက်ဇ်က အမေရိကန်ပြည်ထောင်စုအား တနင်္ဂနွေနေ့၌ ပြစ်တင်ရှုတ်ချလိုက်သည်။

ဖော်လူဂျာမြို့ အပြင်ဘက် စစ်ဆေးရေးစခန်းအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ၎င်းနေရာအနီးတွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထို့ပြင် ၎င်းက မိမိအစိုးရသည် ကျူးဘားနိုင်ငံနှင့် ပို၍ ကူးသန်းရောင်းဝယ်မှုပြုလုပ်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောဆိုသည်။

ဝေဖန်တိုက်ခိုက်

သမ္မတ ဖီဒယ်ကက်စထရို၏ ပြည်တွင်း အတိုက်အခံများကို တိုးပြီး ထောက်ခံသွားမည် ဖြစ်ကြောင်းနှင့် ကျူးဘားနိုင်ငံသို့ ဒေါ်လာ စီးဆင်းမှုကို လျှော့ချသွားမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက ကြာသပတေးနေ့၌ ကြေညာခဲ့ပြီး ဗင်နီဇွဲလားသမ္မတက ဝေဖန်တိုက်ခိုက်သည်ကို ရုပ်မြင်သံကြားက ထုတ်လွှင့်ပေးခဲ့သည်။

ပြောကြား

သမ္မတ ကက်စထရိုကိုသတ်ဖြတ်ရန်နှင့် ဖြုတ်ချရန် ပြည်သူများကို လှုံ့ဆော်ခြင်း၊ အကြမ်းဖက်မှုဖြစ်ရန် လှုံ့ဆော်ခြင်းကို အကြမ်းဖက်ဝါဒကျင့်သုံးသောနိုင်ငံဟု ခေါ်ဆိုကြောင်း သမ္မတချားဗက်ဇ်က ပြောကြားသည်။

ပြစ်တင်ရှုတ်ချ

အမေရိကန်အကျဉ်းထောင်စောင့်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်သည့် နိုင်ငံတကာဆိုင်ရာ ကျော်မကောင်းကြားမကောင်းမှုအရှုပ်တော်ပုံကို ထောက်ပြရာ၌ အမေရိကန်ပြည်ထောင်စုတွင် ကျူးဘားရှိ လူ့အခွင့်အရေးကို ပြစ်တင်ရှုတ်ချရန် ဖြောင့်မှန်သော အကျင့်သိက္ခာမရှိကြောင်း ချားဗက်ဇ်က ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုက အကြမ်းဖက်သူများစာရင်း ၎င်း၌ရှိကြောင်း ပြောဆိုထားရာ အမေရိကန်အကြမ်းဖက်အစိုးရသည် ထိုစာရင်း၌ ကိုယ်တိုင် ထိပ်ဆုံးမှထားသင့်ကြောင်း ချားဗက်ဇ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာ ရုပ်မြင်သံကြားဇာတ်လမ်းဆိုင်ရာ ရွှေပါရာဂွေးပွဲတော်ကျင်းပ

ပါရာဂွေး မေ ၁၀

စာပေ၊ အက၊ ဂီတတို့ကို အဓိကထား၍ ငါးရက်ကြာကျင်းပသော နှစ်ပတ်လည်နိုင်ငံတကာ ရုပ်မြင်သံကြားဇာတ်လမ်းနှင့် အစီအစဉ်ပွဲတော်ဖြစ်သည့် ရွှေပါရာဂွေးပွဲတော်ကို စနေနေ့က ပါရာဂွေးအိုဘီ စီဒမ်တွင် စတင်ကျင်းပသည်။

အဆိုပါပွဲတော်တွင် နိုင်ငံပေါင်း ၃၁နိုင်ငံမှ ရုပ်မြင်သံကြားဌာနနှင့် ထုတ်လုပ်သူ ၆၀တို့၏ အစီအစဉ် ၁၂၀ကို ယှဉ်ပြိုင်ပြသမည်ဖြစ်သည်။ ယင်းအစီအစဉ်များတွင် ပြဇာတ်ဖျော်ဖြေမှုနှင့် ရုပ်မြင်သံကြားဂီတတီးခတ်မှုများ၊ ပြဇာတ်များနှင့်ဘဲလေးအကများ၏ စံချိန်အပါအဝင် မှတ်တမ်းတင်များပါဝင်မည်ဖြစ်သည်။

၁၉၆၄ခုနှစ်က ရွှေပါရာဂွေးသည် ရုပ်မြင်သံကြားဇာတ်လမ်းပွဲတော်အဖြစ်သာ တွေ့ရှိရသည်။ ၁၉၇၄ခုနှစ်တွင် အစီအစဉ်၌ ဂီတကိုထပ်ဖြည့်ထည့်ခဲ့သည်။ ၁၉၉၃ ခုနှစ်ကတည်းက ဂီတမှတ်တမ်းနှင့် အစီအစဉ်အဖြစ်သီးသန့်ကျင်းပခဲ့သည်။ ရွှေပါရာဂွေးပွဲတော်သည် ချက်ဂီတဖခင်ကြီး ဘက်ရစ်ချ် စီမီတာနာ၏ မွေးနေ့ဖြစ်သော မေ ၁၂ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နှစ်နိုင်ငံဆက်ဆံရေး တိုးတက်နက်ရှိုင်းစေရန် တရုတ်နှင့် အီတလီ ဝန်ကြီးချုပ်နှစ်ဦး ဆွေးနွေး

ရောမ မေ ၉

အီတလီနိုင်ငံတွင် အလည်အပတ်ရောက်ရှိနေသော တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်သည် နှစ်နိုင်ငံဆက်ဆံရေးနက်ရှိုင်းစေရန်နှင့် အများဆိုင်ရာ နိုင်ငံတကာကိစ္စရပ်များကို အီတလီဝန်ကြီးချုပ် ဆင်လ်ဗီယိုဘာလူစကိုနီနှင့် သောကြာနေ့က ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးပွဲမစမီ ဝမ်ကျားပေါင်အား ဂုဏ်ပြုကြိုဆိုသောအခမ်းအနားကို ဘာလူစကိုနီက ကျင်းပခဲ့သည်။ နှစ်နိုင်ငံအစိုးရများသည် ဆွေးနွေးပွဲအပြီး၌ ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ဖွယ်ရှိသည်။

တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် တရားဝင်အလည်ခရီးအတွက် ကြာသပတေးနေ့၌ အီတလီနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ဝမ်ကျားပေါင်နှင့် ဘာလူစကိုနီတို့သည် သောကြာနေ့ကကျင်းပသော တရုတ်နှင့်အီတလီရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ကြသည်။ တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် အီတလီသမ္မတ ကာလိုအဇီဂလီယိုစီအမ်ပီအပြင် အထက်လွှတ်တော်ဥက္ကဋ္ဌနှင့်လည်း သောကြာနေ့က တွေ့ဆုံဆွေးနွေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်စစ်ပွဲကြောင့် မကောင်းသတင်းများထွက်နေသည့်ဘလဲ
ရာထူးမှနုတ်ထွက်ပေးသင့်ကြောင်း လေဘာပါတီအကြီးအကဲပြောကြား

လန်ဒန် မေ ၁၀

ဝန်ကြီးချုပ်တိုနီဘလဲသည် ရာထူးမှနုတ်ထွက်ပေးရန် သူ၏လေဘာပါတီမှ ဝါရင့်ပုဂ္ဂိုလ်တစ်ဦးတောင်းဆိုမှုနှင့် တနင်္ဂနွေနေ့က ရင်ဆိုင်ခဲ့ရသည်။ အီရတ်စစ်ပွဲနှင့်စပ်လျဉ်းပြီး လပေါင်းများစွာကြာအောင် အပျက်သဘောဆောင်မှုသည် ပါတီရွေးကောက်ပွဲ အလားအလာများကို ပျက်စီးစေမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်အနေဖြင့် ဘဏ္ဍာရေးဝန်ကြီး ဂေါ်ဒွန်ဘရောင်းအတွက် လမ်းရှင်းပေးသင့်ကြောင်း ဘလဲ၏ရင်းနှီးသည့် သူငယ်ချင်းဖြစ်ပြီး လေဘာပါတီမှ အကြီးအကဲလည်းဖြစ်သူ လော့ဒ်ဒေးဗစ်ပွတ်နမ်က ပြောကြားသည်။

ဝန်ကြီးချုပ်ဘလဲသည် အီရတ်နှင့် အနက်အဓိပ္ပာယ်အတူတူဖြစ်ကြောင်း၊ အီရတ်နိုင်ငံက မကောင်းသတင်းများသာ ပေးလိမ့်မည်ဖြစ်ကြောင်း ပွတ်နမ်က အိုင်တီဗွီရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

နုတ်ထွက်မည်

မိမိသည် ဝန်ကြီးချုပ်ဘလဲဖြစ်ပါက နွေရာသီလွှတ်တော်မတိုင်မီ ရာထူးမှနုတ်ထွက်သွားမည်ဖြစ်ကြောင်း ပွတ်နမ်ကပြောသည်။

အနိုင်ရမည်

ဘလဲအတွက် နောက်ထပ်မကောင်းသတင်းများဖြစ်စေမည့် လူထုသဘောထားစစ်တမ်းကို မေးလ်ဆန်းဒေးသတင်းစာက ဖော်ပြခဲ့ရာတွင် ဘလဲနုတ်ထွက်ပေးလျှင် လာမည့်ရွေးကောက်ပွဲ၌ လေဘာပါတီ အနိုင်ရမည်ဖြစ်ကြောင်း ဆိုထားသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား မတရားညှဉ်းပန်းနှိပ်စက်သည့် ဓာတ်ပုံများထွက်ပေါ်ခဲ့ပြီးနောက်ပိုင်း အီရတ်စစ်ပွဲထောက်ခံမှုနှင့်ပတ်သက်၍ ပြုလုပ်သော လူထုသဘောထားကောက်ယူမှုတွင် နိမ့်ကျခဲ့ကြောင်း ပြသခဲ့သည်။

ပြောဆို

ယခင်နှစ်ဧပြီလ၌ ဗြိတိန် ၁၀ဦးလျှင် ခြောက်ဦးက အီရတ်ကို ကျူးကျော်မှုမှန်ကန်ကြောင်း ပြောဆိုခဲ့ကြပြီး ယခုအခါ ၁၀ဦးလျှင် လေးဦးကသာ ပြောဆိုတော့သည်။

အမ်အင်အေ၊ရိုက်တာ

ကာဘာလာမြို့၌ ယာဉ်မတော်တဆမှုဖြစ်ပွား
ပိုလန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ဝါဆော မေ ၁၀

ပိုလန်တပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်နိုင်ငံအလယ်ပိုင်းရှိ ကာဘာလာမြို့တွင် စနေနေ့၌ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသွားခဲ့ရာ ပြီးခဲ့သည့်နှစ်၌ အီရတ်နိုင်ငံအစိတ်အပိုင်းကို စတင်ထိန်းချုပ်ခဲ့ချိန်မှစပြီး တတိယမြောက် သေဆုံးခြင်းဖြစ်သည်။

အဆိုပါ ပိုလန်တပ်ဖွဲ့ဝင်၏ကားနှင့် ထရပ်ကားတစ်စီး ကာဘာလာ၌ ခေါင်းချင်းဆိုင်တိုက်မိရာမှ ကားသည် ရေကာတာအတွင်းသို့ လိမ့်ပြီးမှောက်သွားကာ ပိုလန်တပ်ဖွဲ့ဝင် သေဆုံးသွားခြင်းဖြစ်သည်ဟု ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သည်။

ကိုးကားဖော်ပြ

ယင်းသို့ ယာဉ်မတော်တဆတိုက်မိရာတွင် နောက်ထပ် တပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရပြီး ဆေးရုံတင်ထားရသည်ဟု အီရတ်ရှိ ပိုလန်စစ်ဘက်ဆိုင်ရာကကိုးကားလျက် ရုပ်မြင်သံကြားတွင် ဖော်ပြသည်။

ဘဂ္ဂဒက်တောင်ဘက်၌ တိုက်ခိုက်မှုတွင် ပိုလန်စစ်သတင်းထောက်နှင့် လုပ်ဖော်ကိုင်ဖက်တို့ သေနတ်ပစ်ခံရပြီး သေဆုံးခဲ့ပြီးနောက် ယခုကဲ့သို့ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ကွန်ပျူတာများကိုပျက်စေသည့် ဗိုင်းရပ်စ်တီထွင်သူ
ကွန်ပျူတာကျွမ်းကျင်သူ ဂျာမန်လူငယ်တစ်ဦးဖြစ်

လန်ဒန် မေ ၁၀

ကမ္ဘာတစ်ဝန်းရှိ ကွန်ပျူတာ အင်တာနက်များကို ဆုံးရှုံးမှုများစွာ ဖြစ်ပွားစေခဲ့သော ဆေးဆာဝမ်းဗိုင်းရပ်စ်ပိုးအား မိုက်ကရိုဆော့ကုမ္ပဏီစုံစမ်းစစ်ဆေးမှု ဗဟိုအဖွဲ့နှင့် ဂျာမန်ရဲတပ်ဖွဲ့တို့ ပူးပေါင်းရှာဖွေခဲ့ရာ တွေ့ရှိသွားပြီဖြစ်သည်။

အဆိုပါ ဗိုင်းရပ်စ်ပိုးဖန်တီးရှင်မှာ ဂျာမနီနိုင်ငံ ရော်ဒင်ဘာ့ဂ်မြို့မှ အသက် ၁၈နှစ်အရွယ် အဆင့်မြင့် ကွန်ပျူတာကျွမ်းကျင်သူ ဆယ်ကျော်သက်တစ်ဦးဖြစ်ကာ မိဘများနှင့်အတူ နေထိုင်သူဖြစ်သည်။ အဆိုပါ ဗိုင်းရပ်စ်ဖန်တီးရှင်၏ ဗိုင်းရပ်စ်ဖန်တီးရာ မြေအောက်ခန်းမှ ပစ္စည်းများကို သက်ဆိုင်ရာက သိမ်းဆည်းလိုက်ပြီဖြစ်ပြီး အဆိုပါလူငယ်ကို မဖမ်းမိသေးကြောင်း သိရသည်။ ဆေးဆာဝမ်းကြောင့် ဂျာမနီမှ ဒွိုင်ချာစာပို့လုပ်ငန်း၊ ဗြိတိန်ကမ်းခြေစောင့်စခန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဘဏ်အချို့ ထိခိုက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

(စီစီတီဗွီ)

ဒဏ်ရာရ

မေ ၉ရက်က နာဂျက်ဖ်မြို့ စက်မှုဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ ဒဏ်ရာများရရှိခဲ့သည့် အီရတ်လူငယ်တစ်ဦး ဆေးရုံ၌ဆေးကုသမှုခံယူနေရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၉ရက်က နာဂျက်ဖ်မြို့တွင် အယ်လ်ဆာဒါနှင့် ၎င်း၏မီဒီတပ်ဖွဲ့အား ကြိုဆိုထောက်ခံကြောင်း ရေးသားထားသည့် စာတန်းများကိုင်ဆောင်၍ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံခြား သတင်းများ

အကျဉ်းသားများကို ကန်တပ်ဖွဲ့ဝင်များနှိပ်စက်မှု
အပေါင်းပါတပ်ဖွဲ့တစ်ခုလုံး အမည်းကွက်စွန်းထင်း

ရောမ မေ ၁၀

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်သည့်အတွက် အီရတ်ရှိ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့တစ်ခုလုံး အပေါ် အမည်းကွက်ကိုစွန်းထင်းစေခဲ့ကြောင်း အီတလီအောက်လွှတ်တော် ဥက္ကဋ္ဌ ပီယာဖာဒီနန်ဒို့ကာစီနီက ရောမမြို့တွင် တနင်္ဂနွေနေ့၌ သတင်းထောက်များကို ပြောကြားလိုက်ပြီး အီရတ်ရှိ အီတလီတပ်ဖွဲ့ဝင်များ၏ အနာဂတ်နှင့် စပ်လျဉ်း၍ မေးခွန်းထုတ်လိုက်သည်။

အပေါင်းပါ တပ်ဖွဲ့များသည် ယင်းပြဿနာကို မြန်မြန်ထက်ထက်နှင့် ကောင်းစွာ ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက အီရတ်သို့ ငြိမ်းချမ်းရေးနှင့် အီရတ်ပြည်သူများလွတ်မြောက်ရေးအတွက် သွားရောက်သူများအဖို့ အလွန်ဝန်ပိစေမည်ဟု ၎င်းကပြောကြားသည်။

အခြေစိုက်

အီရတ်တောင်ပိုင်းတွင်ရှိသော နာဆီရီယာ၌ အီတလီတပ်ဖွဲ့ဝင် ၂၇၀၀ခန့် အခြေစိုက်ထားပြီး အီတလီတပ်ဖွဲ့ဝင် ဦးရေသည် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့တွင် တတိယ အင်အားအများဆုံးဖြစ်သည်။

မပြောင်းလဲ

အီရတ် အကျဉ်းသားများကို မတရားနှိပ်စက်မှုသည် အလွန်ကြောက်ဖွယ်ရာဖြစ်သော်လည်း အီရတ်၌ရှိနေသော အီတလီတပ်ဖွဲ့ဝင်များအတွက် အခြေခံများ မပြောင်းလဲကြောင်း အီတလီဝန်ကြီးချုပ် ဆင်လ်ဗီယိုဘာလူစကိုနီက လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ကန်တပ်ဖွဲ့များနှင့် ဆာဒါသစ္စာခံများ ကူဖာမြို့၌ တိုက်ပွဲဖြစ်ပွား
ကန်တို့တင့်ကားများသုံးပြီးတိုက်ခိုက်၍ အီရတ်တို့အသေအပျောက်ရှိခဲ့

ကူဖာ မေ ၉

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၎င်းတို့အား ခုခံတိုက်ခိုက်နေသော အီရတ်ခေါင်းဆောင် မော်တာဒါအယ်လ်ဆာဒါ၏ တပ်ဖွဲ့ဝင်များကို ကူဖာမြို့၌ တင့်ကားများဖြင့် အင်အားသုံးပြီး ယမန်နေ့က တိုက်ခိုက်ခဲ့ကြသည့်ပြင် ဘဂ္ဂဒက်မြို့၏ လမ်းများအတွင်းရှိ ပြည်သူ့စစ်တို့၏စခန်းများကိုလည်း တိုက်ခိုက်ခဲ့ကြသဖြင့် အီရတ် ၃၄ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

ဘာဆာရာနှင့် အမ်မာရာမြို့များ၌ ဆာဒါသစ္စာခံများနှင့် သဲသဲမဲမဲ တိုက်ခိုက်သောတိုက်ပွဲတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ ဘဂ္ဂဒက်၌ ပြင်းထန်သော တိုက်ပွဲသည် ဆာဒါ၏ အယ်လ်မီဒီတပ်ဖွဲ့က ရဲစခန်းများကို တိုက်ခိုက်ခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘဂ္ဂဒက်၏ ဘီယားအရပ်ရှိဈေးတွင် အစောပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဆိုင်များ ပျက်စီးသွားခဲ့သည်။

ရှာဖွေတွေ့ရှိခဲ့သော ဗုံးနှစ်လုံးကို စနက်တံဖြုတ်ရန် ရဲအဖွဲ့က ကြိုးပမ်းစဉ်ပေါက်ကွဲခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ပေါက်ကွဲမှုကြောင့် လူလေးဦးသေပြီး ၁၇ဦးဒဏ်ရာရရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

သေဆုံး

ထိုအချိန်၌ ဘဂ္ဂဒက်အနောက်ပိုင်းတွင် အမေရိကန်ကင်းလှည့်တပ်ဖွဲ့ကို ခုခံတိုက်ခိုက်ရေးသေနတ်သမားများက တိုက်ခိုက်ခဲ့ရာ အီရတ်ရဲသုံးဦးသေသည့်ပြင် အရပ်သားနှစ်ဦးနှင့် တိုက်ခိုက်ရေးသမားတစ်ဦး တို့လည်း သေဆုံးခဲ့သည်။ ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်မြို့လယ်ကောင်၌ အခြားကင်းလှည့်တပ်ဖွဲ့တစ်ဖွဲ့ကိုလည်း တိုက်ခိုက်ခဲ့ရာ အီရတ်ရဲနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ပစ်ခတ်

ဘဂ္ဂဒက် အရှေ့တောင်ဘက်မိုင် ၁၈၀ရှိ အမ်မာရာတွင် အုပ်ချုပ်ရေးရုံးနှင့် အခြားဗြိတိသျှစခန်းများကို ယမန်နေ့ အရဏ်တက်၌ စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့သည်ဟု သိရသည်။

(အင်တာနက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

အမျိုးသားရေးအားမာန်နိုးကြားတက်ကြွအောင် စေ့ဆော်ဖန်တီးပေးနိုင်သည့်စွမ်းပကား စာပေပညာရှင်များအားလုံးက အမျိုးသားရေးစိတ်ဓာတ်ခိုင်မာစွာဖြင့် မြှင့်တင်ပေးနိုင်

❒ *ကျောဖုံးမှ*

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေပညာရှင်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ လေ့လာသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေနှင့် မိမိနိုင်ငံ၊

လက်ခံယုံကြည်

ပြည်ထောင်စုကြီး၏ လူမှုဘဝအဖုံဖုံ ဘက်စုံတိုးတက်ထွန်းကားခိုင်မြဲရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပညာရည်မြင့်မားစေရန်၊ အကျင့်စာရိတ္တမြင့်မားခိုင်ကျည်စေရန်၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် အမျိုးသားရေးလက္ခဏာများ မတိမ်ကော၊ မပပျောက်စေရန်၊ တိုင်းရင်းသားပြည်သူများအားလုံး အသိဉာဏ်ပညာ ထက်မြက်ပြီး အတွေးအမြင်ကြည်လင် ပြတ်သားစေရန်နှင့် တိုင်းကျိုးပြည်ပြု အသိပညာရှင်၊ အတတ်ပညာရှင်များ အပါအဝင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရှင်သန်စေရန်တို့ကို စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်ပေးနိုင်သည်ဟု နိုင်ငံတော်အစိုးရက လက်ခံယုံကြည်ထားပြီးဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံသူ၊ နိုင်ငံသားပြည်သူများအားလုံး အတွေးအမြင် ဗဟုသုတကြွယ်ဝရေး၊ စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့ရေးနှင့် နှလုံးရည်ထက်မြက်ရှင်သန်ရေးတို့မှာလည်း စာပေနှင့်စွမ်းဆောင်နိုင်မှုမှာ အဓိကအခန်းကဏ္ဍကပါဝင်လျက်ရှိကြောင်း။

၃၆၈ခုကို ဖွင့်လှစ်ပေးထားပြီးဖြစ်သည့်အပြင် ကျေးရွာ၊ ရပ်ကွက်များမှာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၁၆၁၉ခုကို ဖွဲ့စည်း တည်ထောင်ထားပြီးဖြစ်ကြောင်း။

တစ်ပြိုင်တည်းထုတ်ဝေ

အစိုးရဌာနဆိုင်ရာစာပေထုတ်ဝေရေးလုပ်ငန်းများကလည်း သတင်းစာ၊ ဂျာနယ်တို့အပြင် နိုင်ငံတော်မူဝါဒကို ထင်ဟပ်သည့် နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြုစာအုပ်များ၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာစာအုပ်များကို ထုတ်ဝေဖြန့်ချိပေးလျက်ရှိကြောင်း၊ သတင်းစာများဆိုလျှင် ပြည်ထောင်စုကြီး၏ အစွန်အဖျား ဝေးလံသည့်ဒေသများအထိ အချိန်မီ အလွယ်တကူ ရောက်ရှိအောင်

မိမိလူမျိုး၏ အမျိုးသားရေးအားမာန်ဖြင့် အမျိုးသားရေး စွမ်းပကားတို့ ပိုမိုထက်မြက်မြင့်မားခိုင်မာစေရအောင် အားပေးမြှင့်တင်ဆောင်ရွက်ရင်း မြန်မာနိုင်ငံနှင့် မြန်မာလူမျိုး နိုင်ငံတကာအလယ်တွင် အမျိုးသားရေး ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာဖြင့် တင့်တင့်တယ်တယ် ရပ်တည်နိုင်စေရအောင် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အခိုင်အမာတည်ဆောက်နိုင်

ယင်းသို့ အခြေအနေ အချိန်အခါမျိုးတွင် **အမျိုးသားရေးအားမာန် နိုးကြားတက်ကြွစေရအောင် စေ့ဆော်ဖန်တီးပေးနိုင်သည့် မြန်မာစာပေ၏ ကောင်းမြတ်သော အစဉ်အလာနှင့် ထက်မြက်သည့်စွမ်းပကားတို့ကို စာပေပညာရှင်ကြီးများအားလုံးက အမျိုးသားရေးစိတ်ဓာတ် မြင့်မားခိုင်မာစွာဖြင့် ထိန်းသိမ်းမြှင့်တင်စွမ်းဆောင်ပေးနိုင်ခြင်းမှာ အမျိုးသားရေးကိုယ်ခံစွမ်းအားများကို အခိုင်အမာတည်ဆောက်နိုင်ခြင်းကြောင့် ပေါ်ထွန်းလာသည့် ရလဒ်ကောင်းများကြောင့်ပင်ဖြစ်သည်**ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါလို မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်ပေးနိုင်ရေးတို့အတွက် တစ်မျိုးသားလုံး လက်တွဲပြီး ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေသော အချိန်အခါကာလဖြစ်သည်နှင့် အညီ အမျိုးသားရေးနိုးကြားမှုနှင့် အမျိုးသားရေးစွမ်းအား တောင့်တင်းခိုင်မာမှုတို့ ဆက်လက်ဖြစ်ထွန်းနေမှသာ မိမိတို့၏ အမျိုးသားရေးမျှော်မှန်းချက်များ ပြည့်မြောက်အောင်မြင်နိုင်မှာဖြစ်ကြောင်း။

အမျိုးသားရေးကိုယ်ခံစွမ်းအား

ထို့ပြင် **မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများအကြား မိမိနိုင်ငံ မိမိချစ်ခင်မြတ်နိုးစွာ တည်ဆောက်ကာကွယ်လိုသည့် စိတ်ဓာတ်၊ ပြည်ထောင်စုကြီး မယိုင်မလဲမပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်လိုသည့်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲအောင် စောင့်ရှောက်မြှင့်တင်လိုသည့် စိတ်ဓာတ်စသော စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းနေစေရေးမှာလည်း ယနေ့အချိန်အခါကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစေရေးအတွက် မရှိမဖြစ် တည်ဆောက်ဖော်ဆောင်ထားရမည့် အမျိုးသားရေး ကိုယ်ခံစွမ်းအားများပင်ဖြစ်ကြောင်း။**

ထို့ကြောင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်တွင် အမျိုးသားစာပေအင်အားစုကြီး တစ်ရပ်လုံး ယခုကဲ့သို့ စုစည်းညီညွတ်စွာ ရပ်တည်ပြီး တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ် အစဉ်အမြဲနိုးကြားတက်ကြွနေစေရအောင် စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်မြှင့်တင်ပေးရေးကို အစဉ်ကြိုးပမ်းကြရမည်ဆိုသည်ကို စာပေပညာရှင်ကြီးများအားလုံးက ခံယူထားကြရမှာဖြစ်ကြောင်း။

စာပေသည် နိုင်ငံတော်၏ အမျိုးသားရေးတည်ဆောက်မှု နယ်ပယ်ကဏ္ဍအားလုံးကို စွမ်းအားကြီးမားစွာ လွှမ်းခြုံဆက်စပ်လှုံ့ဆော်အားပေးနိုင်သည့် စွမ်းပကားနှင့် ပြည့်စုံသကဲ့သို့ နိုင်ငံ့အကျိုးကိုဖော်ဆောင်ပေးနိုင်သည့် အပြုသဘောစွမ်းအားမှာလည်း စာပေပင်ဖြစ်သည်ဆိုသည်ကို စာပေလောကသားများအားလုံးက ခံယူကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၏အဖိုးမဖြတ်နိုင်သည့် စွမ်းအားနှင့်အရေးပါမှုတို့ကို အလေးအမြတ်ပြုပြီး မိမိနိုင်ငံ၊ မိမိလူမျိုးကို မြှင့်တင်စွမ်းဆောင်ပေးနိုင်မည့် တိုင်းကျိုးပြည်ဆောင် အမျိုးသားစာပေ အဆောက်အအုံကြီးတစ်ရပ် ခိုင်ခိုင်ခံ့ခံ့ ဖြစ်ထွန်းနေစေရအောင် အဘက်ဘက်က အားပေးစောင့်ရှောက်နေခြင်းဖြစ်ကြောင်း။

အခြေခံကောင်းများ ဖန်တီးဖော်ဆောင်

မြန်မာစာပေတိုးတက်စည်ပင်ရေးနှင့် အဆင့်အတန်းမြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က အားပေးကူညီလျက်ရှိသည့်အပြင် စာပေ



မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးကမြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (မြန်မာ့အလင်း)

ပညာရှင်များ၏ လူမှုဘဝ လုံခြုံမြင့်မားစေရေးအတွက် လည်း အခြေခံကောင်းများ ဖန်တီးဖော်ဆောင်ပေးလျက်ရှိကြောင်း။

စာအုပ်စာပေထုတ်ဝေမှုများ တိုးတက်ဖြစ်ထွန်းလာအောင်၊ စာဖတ်ပရိသတ်တိုးတက်ပွားများလာအောင်၊ စာပေရေးသားမှုများ တိုးပွားဖြစ်ထွန်းလာအောင် စာပေဆုများချီးမြှင့်မှုများ၊ စာပေပြိုင်ပွဲများ ကျင်းပပေးမှုများ၊ စာနယ်ဇင်းထုတ်ဝေရေးလုပ်ငန်းများ တိုးတက်လာအောင် အားပေးမှုများ၊ စာကြည့်တိုက်များ တိုးချဲ့ထူထောင်ပေးမှုများစသည့် အားပေးထောက်ကူမှုများစွာကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စာပေဆုနှင့် စာမူဆုများချီးမြှင့်ရေးမှာ နှစ်စဉ်ရွေးချယ်ချီးမြှင့်လျက်ရှိသည့် အမျိုးသားစာပေဆုများ၊ စာပေဗိမာန်စာမူဆုများ၊ အမျိုးသားရေးဆောင်ပုဒ်အကောင်အထည်ဖော်ရေးစာပေဆုများအပြင် ပုဂ္ဂလိကစာပေဆုများကိုပါ အားပေးလျက်ရှိပြီး စာပေပြိုင်ပွဲများကျင်းပကာ စာပေကလောင်ရှင်သစ်များ ပေါ်ထွက်လာရေး၊ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးအတွက်လည်း အခွင့်အလမ်းများ ဖန်တီးပေးကာ အားပေးဆောင်ရွက်လျက်ရှိကြောင်း။

စာကြည့်တိုက်၊ စာဖတ်ခန်းများဆိုလျှင်လည်း မြို့နယ်ပေါင်း ၃၂၄ မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ပေါင်း

ပြည်နယ်နှင့်တိုင်း မြို့ကြီးများမှာ ကိုယ်ပွားသတင်းစာများကို နေ့စဉ်တစ်ပြိုင်တည်း ထုတ်ဝေပေးလျက်ရှိကြောင်း။

ပုဂ္ဂလိကစာပေထုတ်ဝေရေးလုပ်ငန်းများအနေနှင့်ဆိုလျှင်လည်း ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့၏ စာရင်းဇယားများအရ ၂၀၀၄ခုနှစ် နှစ်ဦးအထိ မြန်မာတစ်နိုင်ငံလုံးတွင် ပုံနှိပ်တိုက်ပေါင်း ၅၀၃၇ ခုနှင့် ထုတ်ဝေသူပေါင်း ၇၅၉ ဦး ရှိပြီး ၂၀၀၃ခုနှစ်အတွင်း စာအုပ်အမျိုးပေါင်း ၉၇၅၉ မျိုး ထုတ်ဝေဖြန့်ချိနိုင်ခဲ့ကြသည်ဟု သိရကြောင်း၊ အပတ်စဉ်၊ လစဉ်အချိန်မှန်ထုတ် ဂျာနယ် ၁၀၂ မျိုးနှင့် မဂ္ဂဇင်းအမျိုးပေါင်း ၁၅၀ ကိုလည်း ပုံမှန်ထုတ်ဝေနေကြသည်ကို တွေ့မြင်ရကြောင်း။

ဖြောင့်မတ်စွာစောင့်ထိန်း

ဤသို့ နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုနှင့်အတူ မြန်မာစာပေလောကကြီး ရှင်သန်ဖွံ့ဖြိုးနေသည့် အခြေအနေအချိန်အခါကောင်းတွင် စာပေပညာရှင်များ၊ စာနယ်ဇင်းထုတ်ဝေဖြန့်ချိသူများ၊ ပုံနှိပ်သူများ၊ စာဖတ်ပရိသတ်များအားလုံးကလည်း မြန်မာစာပေအမျိုးသားရေးလမ်းကြောင်းမှန်ပေါ်မှာ တည်တံ့ခိုင်မြဲစွာ ရှင်သန်ဖွံ့ဖြိုးစေရန်၊ မြန်မာစာပေ၏ အစဉ်အလာကောင်းများနှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုး၏အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်စေရန်၊ စာရေးသူ၊ ထုတ်ဝေသူ၊ စာဖတ်သူတို့ မျှတစွာ အကျိုးဖြစ်ထွန်းစေရန်တို့အတွက် မိမိတို့ ကိုယ်စီကိုယ်စီ၏ ကျင့်ဝတ်နှင့်တာဝန်များကို ဖြောင့်မတ်စွာစောင့်ထိန်းပြီး အမျိုးသားစာပေကို မြှင့်တင်အားပေးကြရန်လိုပါသည်ဟု ပြောကြားလိုကြောင်း။

ယနေ့အချိန်၌ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာရပ်များ၏ တစ်ရှိန်ထိုးတိုးတက်ပြောင်းလဲမှုများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး ဆက်စပ်ယှက်နွယ်ပြောင်းလဲနေသည့် အခြေအနေတွင် ဓနအင်အားနှင့် နည်းပညာစွမ်းအား၌ အသာစီးရရှိနေသော နိုင်ငံကြီးအချို့သည် လူထုဆက်သွယ်ရေးနည်းလမ်းများကို မလျော်မကန်အသုံးချပြီး မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အတွေးအခေါ် အယူဝါဒ လွှမ်းမိုးချုပ်ကိုင်နိုင်စေရန် အစီအစဉ်ရှိရှိ ကြိုးပမ်းလုပ်ဆောင်နေကြသည်ကို စာပေပညာရှင်များ သတိပြုမိကြရန်လိုကြောင်း။

ထို့အပြင် စွမ်းအားထက်မြက်သည့် လူထုဆက်သွယ်ရေးနည်းလမ်းများနှင့် ယဉ်ကျေးမှုမျက်နှာစာ၊ စီးပွားရေး၊ လူမှုရေး မျက်နှာစာတို့တွင်လည်း ဝတ်စားဆင်ယင်မှုကအစ ယင်းတို့၏ အနောက်တိုင်းယဉ်ကျေးမှု ဓလေ့စရိုက် အမူအကျင့်တို့ကို အရှေ့တိုင်းနိုင်ငံများသို့ ထိုးဖောက်သွတ်သွင်း လွှမ်းမိုးနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတာလည်း အထင်အရှားပင်ဖြစ်ကြောင်း။

ဤသို့ အခြေအနေ အချိန်အခါမျိုးတွင် စာပေပညာရှင်များအနေနှင့် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ၊ အထူးသဖြင့် လူငယ်လူရွယ်များ အကြား မိမိတို့၏ မြင့်မားခံ့ညားသည့် ယဉ်ကျေးမှုအနုပညာနှင့် သိမ်မွေ့နူးညံ့သည့် ဓလေ့စရိုက်အစဉ်အလာများ၊ ယဉ်ကျေးသိမ်မွေ့သော ဝတ်စားဆင်ယင်မှုများ၊ လူ့ကျင့်ဝတ်တန်ဖိုးနှင့် ယှဉ်တွဲနေသည့် နေထိုင်ပြုမူမှု အမူအကျင့်များစသည့်

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်မူဝါဒကိုထင်ဟပ်သည့် နိုင်ငံ့အကျိုးပြု ပြည်သူ့အကျိုးပြုစာအုပ်များထုတ်ဝေဖြန့်ချိ ဝေးလံသည့်ဒေသများအလွယ်တကူရောက်ရှိအောင် ကိုယ်ပွားသတင်းစာများတစ်ပြိုင်တည်းထုတ်ဝေနေ

စာမျက်နှာ ၆ မှ

မြန်မာ့ဓလေ့စရိုက်အစဉ်အလာကောင်းများ ကျယ်ကျယ်ပြန့်ပြန့်၊ ခိုင်ခိုင်ခံ့ခံ့ ထွန်းကားပြန့်ပွားနေစေရအောင် စာပေစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန် အထူးလိုအပ်ပါသည်ဟု ပြောကြားလိုကြောင်း။

အထူးသဖြင့် မျိုးဆက်သစ် လူငယ်လူရွယ်များကို အသိအမြင်၊ ဗဟုသုတ ကြွယ်ဝအောင်၊ လေးနက်ခိုင်မာသည့် တွေးခေါ်မြော်မြင်၊ဆင်ခြင်တုံတရားနှင့် ပြည့်စုံအောင်၊ နိုင်ငံတကာဖြစ်စဉ်၊ ဖြစ်ရပ်များကို မှန်ကန်သည့်သမိုင်းကြောင်း အခြေခံနှင့် ရှုမြင်နိုင်အောင်၊ အမှန်တရားကို ထိုးထွင်းသိမြင်နိုင်သည့် ဉာဏ်ပညာနှင့် ပြည့်စုံစေရအောင် အပြုသဘောဆောင်သော စာပေစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါဟု တစ်ဆက်တည်းပြောကြားလိုကြောင်း။

စောင့်ရှောက်ပျိုးထောင်

ယနေ့အချိန်အခါကဲ့သို့ အင်အားကြီးနိုင်ငံအချို့က လူထုဆက်ဆံရေးနည်းလမ်းများကို တလွဲအသုံးချပြီး ယဉ်ကျေးမှုနှင့် လူမှုရေးမျက်နှာစာက ပုန်းလျှိုးကွယ်လျှိုးဝင်ရောက်ပြီး အတွေးအခေါ် အယူအဆအရ လွှမ်းမိုးချုပ်ကိုင်ရန် ကြိုးစားလုပ်ဆောင်နေကြသည့် အချိန်အခါကာလတွင် မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်တို့ အစဉ်ထာဝရ နိုးကြွားတက်ကြွနေစေရအောင် စာပေပညာရှင်ကြီးများအားလုံးက စုစည်းညီညွတ်စွာနှင့် စာပေစွမ်းအားဖြင့် စောင့်ရှောက်ပျိုးထောင်ပေးကြပါဟု ထပ်လောင်းပြောကြားလိုကြောင်း။

တက်ညီလက်ညီစည်းရုံးဆောင်ရွက်

စာပေပညာရှင်များကို စုစည်းခိုင်မာသည့် အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စည်းရုံးဦးဆောင်မှုပေးနေသည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး ဆက်လက်ရှင်သန်ဖွံ့ဖြိုးပြီး နိုင်ငံ့အကျိုးပြု အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်စေရအောင်နှင့် စွမ်းဆောင်ရည်ပိုမိုထက်မြက်မြင့်မားနေစေရအောင် ဗဟိုဦးစီးကော်မတီဝင်များအားလုံးက မှန်ကန်သော ဦးဆောင်မှုဖြင့် တက်ညီလက်ညီ စည်းရုံးဆောင်ရွက်သွားရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

ယခုအချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာလူမျိုးတို့၏ အမျိုးသားရေးအားမာန်နှင့် အမျိုးသားရေးစွမ်းအားတို့ကို အခြေခံပြီး အမျိုးသားရေးဂုဏ်သိက္ခာကို နိုင်ငံတကာ့အလယ်တွင် အစဉ်ထာဝရ ဝင့်ဝင့်ကြွားကြွား မြှင့်တင်ထားနိုင်စေရအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်သွားနိုင်စေရအောင် ကာကွယ်စောင့်ရှောက်သွားနိုင်မည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တစ်ဆင့်ချင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်ထိန်းသိမ်း

ထို့ကြောင့် မြန်မာနိုင်ငံတော်၏ ရှည်လျားခိုင်မာသော သမိုင်းစဉ်တစ်လျှောက်၊ သမိုင်းကြောင်းအချိုးအကွေ့တိုင်းတွင် အမျိုးသားရေးအကျိုးစီးပွားကို မျက်ခြည်မပြတ် စောင့်ရှောက်မြှင့်တင်ပေးခဲ့သည့် မြန်မာစာပေ၏ ကောင်းမြတ်သော အစဉ်အလာကောင်းများကို စာပေပညာရှင်ကြီးများအားလုံးက ဆက်လက်ထိန်းသိမ်းသွားကြရန် ဖြစ်ကြောင်း။

ပြည်ထောင်စုကြီးအတွက် တည်ငြိမ်ခိုင်မာသောအနာဂတ် ပေါ်ထွန်းလာရေးဦးတည်သော အမျိုးသားညီလာခံကြီး မကြာမီစတင်ကျင်းပတော့မည်ဖြစ်ခြင်းကြောင့် ယင်းအမျိုးသားညီလာခံကြီးမှာ စုံစုံညီညီ တက်ရောက်ကြလိမ့်မည်ဟု မိမိတို့က ယုံကြည်ထားပြီးလည်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ရေရှည်အကျိုးစီးပွားအတွက်မျှော်မှန်းလျက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးမှာ စာပေလောကကလည်း ပါဝင်ကြိုးပမ်းကြပါဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်မှာ အမျိုးသားရေးဂုဏ်သိက္ခာ တင့်တယ်မြင့်မားစွာဖြင့် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးအတွက် မိမိနိုင်ငံသူ၊ နိုင်ငံသားများရဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနဲ့တကွ အမျိုးသားရေးအားမာန်၊ အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံစွမ်းအားများ တိုးပွားခိုင်ခံ့စေရအောင် စာပေစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ။**
- **တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှု၊ သတင်းနဲ့ ဆက်သွယ်ရေးနည်းပညာများကို အဖျက်အမှောင့်လုပ်ငန်းများမှာ တလွဲအသုံးပြု စွက်ဖက်နှောင့်ယှက်မှုများကို ကြံ့ကြံ့ခံတွန်းလှန်နိုင်မယ့် အမျိုးသားရေးစာပေကိုယ်ခံစွမ်းအား ပြည့်ဝထက်မြက်အောင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ။**
- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို လက်တွေ့ကျကျ ဖော်ဆောင်ပေးသွားမယ့် နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် စာပေစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါ**

ဟု တိုက်တွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရပ်သိမ်းလိုက်သည်။

ကြည့်ရှု

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ အဖွဲ့ဝင်စာပေပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းတင်ဓာတ်ပုံများကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ရုပ်မြင်သံကြား MRTV-4 မကြာမီထုတ်လွှင့်မည်

ရန်ကုန် မေ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်မြင်သံကြားလိုင်းသစ် MRTV-4 ကို ၂၀၀၄ခုနှစ် မေ ၁၅ ရက်တွင် စတင်စမ်းသပ်ထုတ်လွှင့်တော့မည်ဖြစ်သည်။ MRTV-4 ရုပ်မြင်သံကြားလိုင်းတွင် ပြည်သူများဗဟုသုတကြွယ်ဝစေမည့် သိကောင်းဖွယ်ရာအစီအစဉ်များအပြင် ဖျော်ဖြေရေးအစီအစဉ်များ၊ သတင်းများ ဝေဝေဆာဆာပါဝင်မည်ဖြစ်သည်။ MRTV-4 ကို ဖမ်းယူကြည့်ရှုနိုင်မည့် မြန်မာမီဒီယာစက် MMBoxတွင် နေ့စဉ် ပြည်တွင်းပြည်ပရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားသုံးကား ၊ နိုင်ငံခြားဇာတ်လမ်းတွဲများ၊ တေးဂီတဖျော်ဖြေရေးအစီအစဉ်များ၊ ကာရာအိုကေတေးသီချင်းများ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြား ကောက်နုတ်ချက်အစီအစဉ်များ၊ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်နှင့် လစဉ်ထုတ်မဂ္ဂဇင်းများကိုလည်း ထည့်သွင်းပေးထားမည်ဖြစ်သည်။ ယင်းအစီအစဉ်များကို ပြည်သူများအနေဖြင့် နှစ်သက်ရာအချိန်တွင် ရွေးချယ်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် မြန်မာ့အသံရေဒီယိုအစီအစဉ်များ၊ တိုင်းရင်းသားအစီအစဉ်များအပါဝင် Yangon City FM အစီအစဉ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် MMBoxဖြင့် နားဆင်နိုင်ရန် စုံလင်စွာစီစဉ်ထားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပညာသင်ဆုချီးမြှင့်ပွဲ ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ အမှာစကားပြောကြားပြီးဆုများချီးမြှင့်

ရန်ကုန် မေ ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက သန်လျင်မြို့ သီလဝါဒေသရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပင်မဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဌာနအကြီးအကဲများ၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားပြီး ပထမနှစ်(အငယ်တန်း)တွင် ပညာရည်ချွန်ဆု ပထမရရှိသောကျောင်းသား အောင်ကိုကိုချစ်အား ရွှေတံဆိပ်ဆုနှင့် ဒုတိယ၊ တတိယရရှိသောကျောင်းသားများအား ပညာရည်ထူးချွန်ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ပထမနှစ်(အကြီးတန်း)တွင် ပညာရည်ထူးချွန်ဆုရရှိသူများအား လည်းကောင်း၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းက ဒုတိယနှစ်(အကြီးတန်းနှင့် အငယ်တန်း)တွင် ပညာသင်ကြားနေသူများအား ပညာသင်ထောက်ပံ့ကြေးများကို လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် ပညာသင်ဆုရရှိသော ကျောင်းသားများကိုယ်စား မောင်အောင်ကိုကိုချစ်က ကျေးဇူးတင်စကားပြောကြားပြီး ပါမောက္ခချုပ်က တက္ကသိုလ် အမှတ်တရလက်ဆောင်များကို ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဂျစ်တယ်နည်းပညာဆိုင်ရာပြပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၁

Big Camera Ltd.နှင့် Cystem ကွန်ပျူတာတို့ ပူးပေါင်း၍ကျင်းပမည့် ဒီဂျစ်တယ်ကင်မရာများနှင့် ကွန်ပျူတာများ တွဲဖက်အသုံးပြုပုံ နည်းပညာဆိုင်ရာပြပွဲကို မြေနီကုန်း ဒဂုံစင်တာ(ပထမထပ်)တွင် မေ ၁၄ ရက်(သောကြာနေ့)မှ ၁၆ ရက်(တနင်္ဂနွေနေ့)အထိ နံနက် ၉ မှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။ လေ့လာသူများလက်တွေ့စမ်းသပ်နိုင်မည့် အပြင် ပြပွဲကာလအတွင်း နောက်ဆုံးပေါ် နီကွန်ကင်မရာ အမျိုးမျိုး၊ ကွန်ပျူတာနှင့် အပိုပစ္စည်းအမျိုးမျိုးတို့အား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အထူးအစီအစဉ်အဖြစ် မေ ၁၄ ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီ မှ ညနေ၃ နာရီအတွင်း၊ မေ ၁၅ ရက်(စနေနေ့) နံနက် ၁၀နာရီ မှ မွန်းတည့် ၁၂ နာရီအတွင်း၊ မေ ၁၆ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃ နာရီအတွင်း ဝယ်ယူသူများအား ထပ်ဆင့်အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။ Cystem ကွန်ပျူတာဝယ်ယူသူများအားလည်း မေတ္တာလက်ဆောင်ပေးခြင်း အစီအစဉ်များရှိသည်။ အသေးစိတ်သိရှိလိုပါက နီကွန်ကင်မရာ အရောင်းပြခန်း ဖုန်း–၂၄၉၁၇၀၊ Cystem Computerအရောင်းပြခန်း ဖုန်း–၂၉၆၀၄၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားတွင် ပညာရည်ချွန်ဆုရ ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ပို့ဆောင်ရေး)

ရှုရင်း စေတနာပြကြစို့

*
စာပေနှင့်စာနယ်ဇင်း
ဦးတည်ရင်းစေတနာ၊
အမျိုးဂုဏ် ဇာတိဂုဏ်
စာပေဂုဏ်မြှင့်တင်ရေး
ရှေးရှုလျက်ပါ။

*
စေတနာသေချာပြကာပ
ပြည်မြန်မာစည်သာလှစေဖို့
ညီညာဖြလက်တွဲအစဉ်
ပါဝင်ဖို့အရေး၊
နွေးထွေးမြိုင်ဆိုင်စွာပ
ဆွေးနွေးတိုင်ပင်ပါလို့
ကလောင်ကိုင်ကိုယ်စီအတွေးနှင့်
ရေးကြစို့လေး။ ။

မေရှ

(ကျင်းပဆဲ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုလျက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မကွေးတိုင်း စလင်းမြို့နယ်ရှိ အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက်၏ ရှင်းလင်းဆောင်တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ လက်ဝယ်တွင်ရှိ ပြည်ပသို့ စီးပွားဖြစ်တင်ပို့နိုင်သည်အထိ တိုးတက်မှုရရှိလာအောင် ရည်မှန်းချက်ထားရှိလုပ်ကိုင်

■ ရှေ့ဖုံးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ အေးရှားဝေါလ် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က မင်းဘူးခရိုင် စလင်းမြို့နယ် တည်ဘိုကန်ဒေသတွင် မြေလွတ်မြေလပ်များ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိခဲ့မှု၊ တည်ဘိုကန်ဒေသ၏ မြေအနေအထားနှင့် စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေအမျိုးအစားဖြစ်အောင် မြေယာပြုပြင်ခဲ့မှု၊ စိုက်ပျိုးရေရရှိရေးအတွက် တစ်နိုင်တစ်ပိုင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နှစ်ရှည်နှင့် ရာသီသီးပင်များ စိုက်ပျိုးလျက်ရှိမှု အခြေအနေများ၊ စိုက်ပျိုးရေတိုးချဲ့ရရှိရန် ပြင်ဆင်ဆောင်ရွက် စီမံနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် အရင်းအနှီးရှိပြီး လုပ်ကိုင်နိုင်စွမ်းရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား မြေလွတ်မြေရိုင်းများကို လယ်မြေ၊ ယာမြေများအဖြစ် ဖော်ထုတ်လုပ်ကိုင်ခွင့်ပြုခဲ့ရာ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့၌ လယ်မြေလုပ်ကွက်ကြီးများ၊ မကွေးတိုင်း၌ ယာမြေလုပ်ကွက်ကြီးများ၊ တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ခင်းကြီးများ ပေါ်ထွက်လာခဲ့ကြောင်း။

နိုင်ငံတော်၏ပေါကြွယ်ဝသောမြေသယံဇာတများကို ထိရောက်စွာ အကျိုးရှိရှိအသုံးချပြီး လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်အောင်၊ စိုက်ပျိုးလုပ်ကိုင်သော ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် အကျိုးရှိဖြစ်ထွန်းပြီး အောင်မြင်ကြီးပွားသော တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ ဖြစ်လာအောင် မိမိတို့ ပြုစုပျိုးထောင်အားပေးနေခြင်းဖြစ်ကြောင်း။

ပြည်ပဈေးကွက်တင်ပို့

ခေတ်မီစက်ယန္တရားများ အသုံးပြုသည့် လုပ်ငန်းရှင်များ၏ ခေတ်မီလယ်ယာလုပ်ကွက်များမှ စီးပွားဖြစ်စိုက်ပျိုးထွက်ရှိလာသော အရည်အသွေးမီသီးနှံများ အမှန်တကယ်လက်တွေ့ ပေါ်ထွက်လာမှသာ ပြည်ပဈေးကွက်သို့ ထိထိရောက်ရောက် ထိုးဖောက်တင်ပို့နိုင်မှာဖြစ်ကြောင်း။

ရည်မှန်းချက်ထားလုပ်ကိုင်

ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး သီးနှံများကို ပြည်ပသို့ စီးပွားဖြစ်တင်ပို့နိုင်သည်အထိ တိုးတက်မှုရရှိလာအောင် မြင့်မားသည့်ရည်မှန်းချက်များ ထားရှိလုပ်ကိုင်ရန်လိုကြောင်း။

မကွေးတိုင်း၏ ရေမြေအခြေအနေအရ ဝါသီးနှံ ဖြစ်ထွန်းနိုင်သည်ဖြစ်ရာ ဝါစိုက်ခင်းကြီးများအဖြစ် တိုးချဲ့စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း။

ပံ့ပိုးကူညီမည်

ဝါဖြစ်ထွန်းနိုင်သည့်ဒေသ၌ဝါစိုက်၍ စပါးဖြစ်ထွန်းနိုင်သည့်ဒေသ၌ စပါးစိုက်ပျိုးသွားရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက စိုက်ပျိုးရေရရှိရေး အပါအဝင် လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပံ့ပိုးကူညီသွားမှာ ဖြစ်ကြောင်း။

အောင်မြင်ဖြစ်ထွန်းသော လယ်ယာစိုက်ကွက်ကြီးများ ပေါ်ထွက်လာမှလည်း နိုင်ငံတော်၏လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုသည် အရေအတွက်သာမက အရည်အသွေးပါ အရှိန်အဟုန်ဖြင့် တိုးတက်လာမှာဖြစ်ကြောင်း။

ဤနေရာ၌ နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး ဆိုသည့် မိမိတို့၏ စီးပွားရေးဦးတည်ချက်ကို အမြဲအလေးထား လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က လင်းဇင်းရေပေးတူးမြောင်းမှတစ်ဆင့် ရေပေးဝေနိုင်သည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စိုက်ပျိုးရေပိုမိုရရှိနိုင်သည့် နည်းလမ်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက မကွေးတိုင်း၏ သီးနှံမျိုးစုံစိုက်ပျိုးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားပြီး အေးရှားဝေါလ်ကုမ္ပဏီ လီမိတက်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ်ရှိ တပ်မတော်ဝါစိုက်ပျိုးရေးစခန်း(ပွင့်ဖြူ)သို့ ရောက်ရှိကြရာ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဝါဧကတစ်သောင်းစိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်က တပ်မတော်ဝါစိုက်ပျိုးရေးစခန်း(ပွင့်ဖြူ) နှင့် စပ်လျဉ်းသည့်အချက်အလက်များ၊ တပ်မတော်ဝါစိုက်ပျိုးရေး စခန်း(ပွင့်ဖြူ) ထူထောင်ရသည့် ရည်ရွယ်ချက်များ၊ ဝါစိုက်ဧက တစ်သောင်းစိုက်ပျိုးသွားရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဝါစိုက်ဧက ၁၅၀၀၀အထိ စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ ဝါမျိုးကောင်းမျိုးသန့်နှင့် ရောဂါပိုးမွှားဒဏ်ခံနိုင်သည့် ဝါမျိုးများရရှိရေး စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မကွေးတိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းရှင်များက ဝါစိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိမိတို့တပ်မတော် ဝါစိုက်ခင်းများသည် စံနမူနာပြစိုက်ခင်းများဖြစ်အောင်၊ ကုန်ကျစရိတ်သက်သာပြီး အဆင့်မီသည့် စိုက်ခင်းများဖြစ်အောင် ကြိုးစားကြရန်ဖြစ်ကြောင်းမှာကြားပြီး နမူနာပြသထားသည့် ဝါများကိုကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်တွင် အကောင်အထည်ဖော်လျက်ရှိသော ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်း မြေအောက်ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော်ကြီး သမိုင်းအထောက်အထားနှင့်အညီ တစ်မျိုးသားလုံးဂုဏ်ယူရမည့် ရွှေနန်းတော်ကြီးဖြစ်အောင်တည်ဆောက်

မေ၁၀ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မကွေးတိုင်း မင်းဘူး(စကု)မြို့နယ်ရှိ ဗုဒ္ဓမြတ်စွာ၏ အောက်စက်တော်ရာအား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဝါစိုက်ပျိုးရန် မြေပြုပြင်ထားမှုများနှင့် ရေရရှိရေးဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ချည်မျှင်ရှည်ဝါများကို ရေပိုက်စနစ်ဖြင့် အစက်ချစိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

လှည့်လည်စစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ်၌ မြေလွတ်မြေလပ်ဖော်ထုတ်စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ထူးထရေဒင်းကုမ္ပဏီလီမိတက်၏ ပြည်လုံးကျော် စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းသို့ ရောက်ရှိကြပြီး ရှေးဦးစွာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေပြုပြင်ထားသည့် အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ထူးထရေးဒင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးတေဇက ပွင့်ဖြူမြို့နယ်ပြည်လုံးကျော်ဒေသတွင် မြေလွတ်မြေလပ်များဖော်ထုတ်စိုက်ပျိုးရန် လုပ်ကိုင်ခွင့်များရရှိခဲ့မှု၊ လုပ်ကိုင်ခွင့်ရရှိသည့်မြေများအား စိုက်ပျိုးဆောင်ရွက်နိုင်ရန် ပြုပြင်ခဲ့မှု၊ နှမ်း၊ ပဲစင်းငုံ၊ ဝါ၊ သစ်ဆိမ့်၊ သရက်၊ ဆီး(ဇီး)နှင့် သနပ်ခါးစိုက်ပျိုးခဲ့မှုများ၊ စိုက်ပျိုးရေရရှိရေး စီစဉ်ဆောင်ရွက်နေမှုများ၊ ဆက်လက်၍ ဝါကို အဓိကထားစိုက်ပျိုးသွားရန် စီစဉ်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဝါတိုးချဲ့စိုက်ရန်တင်ပြ

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ရေပုတ်ကြီး၊ ချောင်းဆုံဒေသတွင် မြေလွတ်မြေလပ်များ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားသည့် ဒဂုန်အင်တာနေရှင်နယ်လီမိတက်ဒါရိုက်တာ ဒေါက်တာမိုးမြမြက မြေလွတ်မြေလပ်များ ဖော်ထုတ်ခဲ့မှု၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးခဲ့မှုနှင့် ဆက်လက်၍ ဝါသီးနှံတိုးချဲ့စိုက်ပျိုးရန် စီမံထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားပြီး ထူးထရေးဒင်း ကုမ္ပဏီလီမိ တက်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တပ်မတော်ဝါ စိုက်ပျိုးရေးစခန်း (ပွင့်ဖြူ)သို့ ပြန်လည်ရောက်ရှိကြပြီး ခေတ်မီဝါကောက်စက်ကို ကြည့်ရှုစစ်ဆေးကြသည်။

ပေါင်းလောင်းစီမံကိန်းရောက်ရှိ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်ရှိ အထက်ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်းနေရာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ယာယီရှင်းလင်းဆောင်၌ ရေအားလျှပ်စစ်ဦးစီးဌာန စူးစမ်းလေ့လာရေးဌာန ညွှန်ကြားရေးမှူးဦးဘစိုးက အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ပေါင်းလောင်းမြစ်၏ရေစီးဆင်းမှုနှင့် ရေအားလျှပ်စစ် ၈၅မဂ္ဂါဝပ်ထုတ်ယူရရှိနိုင်မည့်အလားအလာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် အထက်ပေါင်းလောင်းနှင့် နန်ချို ရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဓာတ်အားလိုအပ်သလောက်ဖြည့်ဆည်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပေါင်းလောင်းမြစ်ပေါ်တွင် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပေါင်းလောင်းလျှပ်စစ်လုပ်ငန်း အဆင့်ဆင့်အဖြစ် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းနှင့်အတူ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၊ နန်ချိုရေအားလျှပ်စစ်စီမံကိန်းတို့ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ် အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားနိုင်မှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် နေရာပတ်ဝန်းကျင်အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

မဂ္ဂါဝပ် ၂၈၀ ထုတ်ယူရရှိမည်

အကောင်အထည်ဖော်လျက်ရှိသည့် ပေါင်းလောင်းရေလှောင်တမံ ရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၂၈၀ ထုတ်ယူရရှိမည်ဖြစ်သည်။

အကောင်အထည်ဖော်သွားမည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းမှ ၈၅ မဂ္ဂါဝပ်နှင့် နန်ချိုရေအားလျှပ်စစ်စီမံကိန်းမှ ၄၈ မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်ရာ ပေါင်းလောင်းမြစ်တွင် ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းသုံးခုမှ လျှပ်စစ်ဓာတ်အား ၄၁၃ မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိမည် ဖြစ်ကြောင်းသိရှိရသည်။

တာဝန်ယူတည်ဆောက်

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ပျဉ်းမနားမြို့ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

အထက်ပေါင်းလောင်းစီမံကိန်း တည်ဆောက်ခြင်းဖြင့် ရေအားလျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်မည့်အပြင် အောက်ဘက်ရှိ ပေါင်းလောင်းစီမံကိန်း၏ နှစ်စဉ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစွမ်းအားကိုပါ တိုးတက်စေမည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပေါင်းလောင်း ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မေ၁၀ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မကွေးတိုင်း မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်ညွှန့်တင်က ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်နေသော လုပ်ငန်းပိုင်းများဖြစ်သည့် ရေလှောင် တမံနှင့် ရေပိုလွှဲများ တည်ဆောက် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် စက်လေးလုံး လည်ပတ်နိုင်မည့် အခြေအနေများနှင့် ရေအားလျှပ်စစ်စက်ရုံပိုင်းဆိုင်ရာ တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်သွားမည့် အစီအစဉ်များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

စနစ်တကျလုပ်ကိုင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက စီမံကိန်းလုပ်ငန်းကြီး ပြီးစီးတော့မည်ဖြစ်ရာ ကျန်ရှိသောတည်ဆောက်ရေးလုပ်ငန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ စနစ်တကျသေသပ်စွာ လုပ်ကိုင်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် အကောင်အထည်ဖော်နေသည့်ကျောက်ဖြည့်တမံ တည်ဆောက်ရေးလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တည်ဆောက်ရေး (၅) ညွှန်ကြားရေးမှူး ဦးဇစ်တာတို့က ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မြေအောက်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြပြီး ဂျင်နရေတာများ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် လျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် တရုတ် ပြည်သူ့သမ္မတ နိုင်ငံ YMEC Co. မှ ကျွမ်းကျင်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပုဂံ-ညောင်ဦးသို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၀မိုင်ခန့်အကွာ ကျည်တောင်-ခါမကျေးရွာအနီး ပေါင်းလောင်းမြစ်တွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မဟာရာဇသိရီအနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်တည်ဆောက်ရေး ရှင်းလင်းဆောင်တွင် ပုဂံမြို့ ပြခန်းနှင့် ပုဂံရွှေနန်းတော်ကြီးပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

12-5 (9).p65 2 03/24/1905, 10:02 PM

နှစ်ကျိပ်ရှစ်ဆူ ဘုရားတန်ဆောင်းတော်ကြီး ပြုပြင်ရန် လှူဒါန်းနိုင်

ရန်ကုန် မေ ၁၁

ဒဂုံမြို့သစ်(တောင်ပိုင်း)(၂၁)ရပ်ကွက်(သိမ်ချောင်း)တိုင်တစ်ရာ အရှေ့ ကျောင်းကြီး အတွင်းရှိ ရှေးနှစ်ပေါင်းများစွာက တည်ဆောက်ခဲ့သော နှစ်ကျိပ်ရှစ်ဆူဘုရားတန်ဆောင်းတော်ကြီး ပြန်လည် တည်ဆောက်ရေးအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တ ဇိနောဒယ(မွေ့စရိယ B.A)(မဟာသဒ္ဓမ္မ ဇောတိကဓဇ)၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် တိုင်တစ်ရာ အရှေ့ကျောင်းတော်ကြီးနှင့် အကျိုးတော်ဆောင်များ ဖြစ်ကြသည့် ဦးတင်ဝင်း ဖုန်း-၅၉၁၀၄၀၊ ၂၉၃၁၂၉နှင့် ဦးသန်းရွှေ ဖုန်း-၅၉၁၂၁၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးပွဲပြီး ပြည်အကျိုး

ဆောင်းပါးစက်ရုံ ကုန်ချော (၁)

သက်တူမြတ်နိုး ကက္ကူတန်ခိုး ပေါင်းစည်းခြင်းတန်ဖိုး

ရတနာစည်ဆရာတော်
(လွိုင်လင်)

(အချီ)

ကုန်ကြမ်းတွေ အလျှံပယ်ရရှိနေပါလျက် ကုန်ချောအဖြစ် မထုတ်လုပ်နိုင်လျှင် စက်ရုံမှူး၏ တာဝန်သာ ဖြစ်၏။ ဆောင်းပါးဖြင့် မှတ်တမ်းတင်ဖွယ်တွေ အလျှံပယ်ရှိနေပါလျက် ဆောင်းပါးအဖြစ် ပေါ်ထွက်မလာနိုင်သေးခြင်းအတွက် မိမိကိုယ်မိမိ အားမလိုအားမရ ဖြစ်နေမိသည်မှာ အမှန်ပင်ဖြစ်ပါ၏။

ယနေ့ နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုနှင့် သာသနာပြု အမွန်အမြတ် ဆောင်ရွက်မှုများစွာ၊ ဖြည့်ဆည်းမှုများစွာထဲမှ ဤအရှင်တို့ လက်လှမ်းတမီ အတွင်း၌ပင်လျှင် ဆောင်းပါးပေါင်းများစွာ ပေါ်ထွက်လာရန် ကုန်ကြမ်းသဖွယ် ဖြစ်သော ခေါင်းစီးများ မှတ်ဉာဏ်ဂိုဒေါင်ထဲသို့ ဝင်လာနေပါလျက် ကုန်ချော ဆောင်းပါးအဖြစ် လက်စက်ရုံမှ မထုတ်လုပ်နိုင်ခဲ့။ **'သက်တူမြတ်နိုး ကက္ကူတန်ခိုး ပေါင်းစည်းခြင်းတန်ဖိုး'၊ 'နိုးထရင်း ပြိုးလာသော ကွမ်းခြံကုန်းမြို့နယ်'၊ 'ချွေးစက် သံလမ်းနှင့် ပြုံးပန်းရထား'၊ 'တပ်မတော်သားများနှင့် ပြည်ထောင်စုရထား'** စသော ခေါင်းစီးများ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိသားစုတို့က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရှေးဟောင်း မွေတော်ကက္ကူစေတီပေါင်းများစွာထဲမှ ရုပ်စုံစေတီတော်တစ်ဆူအား ပြုပြင်မွမ်းမံလျက် ရွှေထီးတော်တင် မဟာမင်္ဂလာသဘင် ဆင်ယင်ပူဇော်ခြင်းနှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းနု မိသားစုတို့ကလည်း ရုပ်စုံစေတီတော်တစ်ဆူအား ပြုပြင်မွမ်းမံလျက် ရွှေထီးတော်တင်လှူပူဇော်ခြင်း ဟူသော သာသနာပြု အမွန်အမြတ် ကောင်းမှုမှတ်စုများ။

ဇာတိချက်ကြွေ မွေးရပ်မြေကွမ်းခြံကုန်းမြို့၌ ဇာတိသား ထူးချွန်သူတစ်ဦး ဖြစ်သော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဦးဆောင်မှုဖြင့် ယခင်အမျိုးသားကျောင်းကို သုံးထပ်ကျောင်းဆောင်သစ်ကြီးအဖြစ် ထိုက်တန်စွာ တည်ဆောက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်တိုင် ဖွင့်ပွဲ တက်ရောက်ချီးမြှင့်ကာ အမှာစကားပြောကြားခြင်းဟူသော တိုင်းကျိုးပြည်ပြု မုဒိတာမှတ်စုများ။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင် တောင်ဘက် ခြမ်းရှိ မဖွံ့ဖြိုးသေးသော ကျေးရွာများအရောက် တပ်မတော်သားတို့၏ လုပ်အားဖြင့် ပင်ပန်းခက်ခဲစွာ ရထားလမ်းများ ဖောက်လုပ်လျက်ရှိသည်တွင် အပိုင်းလိုက်၊ အပိုင်းလိုက် ဖောက်လုပ်ပြီးစီးသွားသော မီးရထားလမ်းဖွင့်ပွဲ များဝယ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ရထား ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ကိုယ်တိုင် တက်ရောက် ဖွင့်လှစ်ပေးခြင်းဟူသော ပြည်ထောင်စုအကျိုးပြုသော မနုဿမှတ်စုများ စသည် စသည်တို့မှာ မှတ်ဉာဏ်ဂိုဒေါင်ထဲ၌ ကုန်ကြမ်းအဖြစ်သာ တည်ရှိနေပြီး လက်စက်ရုံသို့ ရောက်မလာနိုင်သေးသဖြင့် ကုန်ချောဆောင်းပါးအဖြစ် ပေါ်ထွက် မလာနိုင်သေးသည့် အကြောင်းအရာများဖြစ်ပါသည်။

သည်သို့ရှိနေစဉ် ယခု ၁၃၆၆ခုနှစ် နှစ်ဆန်းပိုင်းတွင်သော် ဤအရှင်တို့၏ ဆောင်းပါးများကို အမြဲတမ်းသတင်းစာများ၌ ထည့်သွင်းဖော်ပြပေးလျက်ရှိပါ သော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ ဇနီး ဒါယိကာမ ကြီး ဒေါ်ကြည်ကြည်ဝင်းထံမှ ဖုန်းဖြင့်လျှောက်ထားလွှာ ကြားလာရပါလေ၏။ "ဆရာတော်ထံမှ ဆောင်းပါးများ ရောက်ရှိမလာသည်မှာ ကြာပြီဖြစ်ပါ၍ ကျန်းမာရေးချို့တဲ့နေသလားဟု ဒါယကာကြီးက စိုးရိမ်လျက်ရှိပါကြောင်း" စသည်ဖြစ်ပါ၏။ ဤတွင် "ကျန်းမာလျက်သာရှိပါကြောင်း၊ ဆောင်းပါးကြမ်းများ ရှိနေပြီးဖြစ်ပါကြောင်း၊ အလုပ်ကိစ္စတွေ များနေ၍ ကုန်ချောမထွက်သေးတာ ဖြစ်ပါကြောင်း၊ ယခု အချောရေးသားနေပါကြောင်း" စသည်ဖြင့် ပြန်ကြား ရပါသည်။ သို့ဖြင့်...

(က)

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တစ်လုံးမြို့ ကက္ကူရွာ အနီး၌ ပထမမြန်မာနိုင်ငံတော် ခေတ်ကတည်းက တည်ရှိတော်မူခဲ့သည့် ကက္ကူစေတီစုများသည် မြန်မာမင်းအဆက်ဆက် လက်ထက် အဆင့်ဆင့်တို့၌ ဘုန်းပွင့်မြဲ ပွင့်ခဲ့သော်လည်း နယ်ချဲ့ခေတ်နှစ်တစ်ရာနှင့် လွတ်လပ်ရေး နှစ်လေးဆယ် ကာလတစ်လျှောက်တွင်မူ ဘုန်းမတောက် ရောင်မထိန် မှေးမှိန် ခဲ့ရာမှ ယနေ့ တပ်မတော်အစိုးရလက်ထက်၌ကား တက်ပွားသော ဘုန်းတေဇာ၊ လက်ဖြာသော ဂုဏ်တန်ခိုး ဖြိုးဖြိုးဝင့် ဝင်းလက်လာတော်မူလေပြီ။

ယင်းရလဒ်၏ တည်ကိန်းများ၊ သို့မဟုတ် ယင်းအကျိုးဖလ၏အကြောင်း ရင်းကမ္မများကို ဖွေရှာစိစစ်သော် ဤသို့ တွေ့မြင်ရ၏။

(၁) ယနေ့နိုင်ငံတော်အစိုးရ၏ သာသနာတော်အပေါ် ထားအပ်သော စေတနာဓာတ် ခိုင်မတ်ကျယ်ပြောခြင်း၊

(၂) ထိုစေတနာဓာတ်၏ ဆွဲငင်အားကြောင့် တိုင်းတစ်ပါးမှ စေတနာရှင် များ ပေါ်ထွက်လာခြင်း၊

(၃) ဒေသတစ်ဝန်း တည်ငြိမ်အေးချမ်းမှု ဖြစ်ထွန်းနေခြင်း။

ယင်းအကြောင်းရင်းကြီးသုံးရပ်၏ ခိုင်မတ်သော တြိဂံအနေအထား မဖြစ်ထွန်းခဲ့လျှင် ယနေ့ ကမ္ဘာလှည့်ခရီးသည်များ၏ အံ့အားသင့်ကြည်နူးရာ နေရာတစ်နေရာအဖြစ် ထွန်းသစ်လာလေပြီဟု ဇော်သဗျာကရဏ(အာမခံစကား) ပြောကြားရန် ဝံ့ရဲဦးမည် မဟုတ်ပါချေ။

(ခ)

ပုဂံခေတ်၏ မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သော နရပတိစည်သူ (၅၃၆-၅၇၃)ကိုယ်တိုင် တိုင်းခန်းလှည့်လည်ရင်း ဤနေရာသို့ ရောက်ရှိလာကာ ဘုရားဒါယကာအဖြစ်ခံယူ၍ တည်ထားကိုးကွယ်ခဲ့သော မူလစေတီတော်မှာ သံတောင် ခြောက်တောင်နှစ်မိုက်နှစ်သစ် ဉာဏ်တော်ရှိခဲ့၏။ (သံတောင် တစ်တောင်မှာ ယခုခေတ် သုံးလက်မဖြင့် တစ်ဆယ့်ကိုးလက်မရှိ၏)

တိုင်းခန်းလှည့်လည်စဉ် အပြီးတည်သော စေတီတော်ဖြစ်သဖြင့် မြင့်မြင့် မားမား ငွားငွားစွင့်စွင့် မပွင့်သည့်တိုင်အောင် 'ငယ်သာငယ် ကယ်ဆယ်မယ့် ဘုရား' ဟူသော စကားအရ ရွှေထီးတော် တင်လှူပူဇော်အပြီးတွင်မူ ဘုရင် မင်းမြတ် ကိုယ်တိုင်က "ဤစေတီတော်ကား အသက်နှင့်ထပ်တူ မြတ်နိုးဖွယ်ပါ တကား"ဟု ဥဒါန်းကျူးမိသည်အထိ ပီတိဇောစိတ် တဖိတ်ဖိတ် ရိပ်ရိပ်တက် တောက်ပလာခြင်းနှင့်အတူ ဘုရင်မင်းမြတ်ဥဒါန်းအတိုင်း 'သက်တူစေတီ' ဟူ၍ ဘွဲ့နာမတော်ဖြစ်ထွန်းခဲ့ပြီး နောင်သော် သာသနာပြု မင်းကောင်း မင်းမြတ်များ အဆက်ဆက် မူလစေတီတော်ကို ထပ်မံပြုပြင်ကိုးကွယ်ခဲ့ကြခြင်း၊ စေတီပွား၍ ကိုးကွယ်ခဲ့ကြခြင်း၊ တတ်နိုင်ကြသူ မှူးမတ်များကလည်း တတ်နိုင် သလို စေတီပွားများ တည်ထားကိုးကွယ်ခဲ့ကြခြင်းတို့ကြောင့် စေတီအဆူပေါင်းမှာ 'တောင်သူကွမ်းညှပ် တဖျပ်ဖျပ်' ဟူသော သင်္ကေတအဆိုတစ်ခု ယနေ့တိုင် မပျောက်မကွယ် ပြောထုံးရှိနေသေးသည့်အတိုင်း "တောင်-၇၊သူ-၆၊ကွမ်း-၂၊ ညှပ်-၃"ဖြစ်သောကြောင့် စေတီအဆူပေါင်း ၇၆၂၃ဆူ တပေါင်းတစည်းတည်း ဖြစ်ထွန်းတည်ရှိလာခဲ့ပါသည်။

ယင်းသို့ စေတီကြီးငယ်အဆူပေါင်း ၇၆၂၃ ဆူရှိခဲ့သည်မှ ယနေ့သော် အဆူပေါင်း ၂၄၈၇ ဆူမျှသာ တည်ရှိတော့သဖြင့် နယ်ချဲ့ခေတ်နှင့် လွတ်လပ်ရေး ခေတ်နှစ်လေးဆယ်အတွင်း ထိန်းသိမ်းပြုပြင်စောင့်ရှောက်မှု ကင်းမဲ့ခဲ့သောကြောင့် ပြိုပျက်ခဲ့ရသည့် စေတီအဆူပေါင်းမှာ ၅၁၃၆ ဆူဖြစ်ကြောင်း ထင်းထင်း ထင်ထင် တွေ့မြင်သိရှိရပါ၏။

(ဂ)

ယနေ့ တပ်မတော်အစိုးရ တက်ရောက်လာပြီးနောက် နိုင်ငံရေးဦးတည်ချက် လေးရပ်ကို ခိုင်ကျည်စွာချမှတ်ပြီးသော် **"နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေး ချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး"**ကိုလည်းကောင်း၊ **"အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး"** ကိုလည်းကောင်း မဖြစ်မနေ ကြိုးပမ်းခဲ့ရာဝယ် တကယ်ပင် ဦးတည်ချက် ပေါက်မြောက်အောင်မြင်ခဲ့သည်တွင် ဤဒေသတစ်ခွင် တိမ်စင်သော ကောင်းကင်သဖွယ် တည်ငြိမ်အေးချမ်းလာပြီး ကားလမ်းအဆင့်မြင့် ပေးနိုင်ခြင်း၊ ရထားလမ်းသစ်ဖောက်လုပ်ပေးနိုင်ခြင်းတို့ကြောင့် ဘုရားဖူးသူများ များပြားစည်ကားလာသဖြင့် ကက္ကူစေတီများ၏ ဘုန်းတန်ခိုးတစ်ဟုန်ထိုး မြင့်မားလာလေတော့၏။

ဤတွင် စင်ကာပူနိုင်ငံမှ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်း ဆရာတော် ဗင်ရီဖာဇော့ ဦးဆောင်သော စင်ကာပူဗုဒ္ဓဘာသာဝင်တို့က ကက္ကူစေတီစုအား ပြုပြင်မွမ်းမံရန်အလို့ငှာ ပထမအကြိမ် အလှူတော်ငွေကျပ်သိန်း ၄၀၀၊ ဒုတိယ အကြိမ် အလှူတော်ငွေ ကျပ်သိန်း၃၂၀တို့ကို နိုင်ငံတော်အစိုးရမှတစ်ဆင့် ပအိုဝ်းအမျိုးသားအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီထံ ပေးအပ်လှူဒါန်းခြင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဦးဆောင်သော အဖွဲ့သည်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော အဖွဲ့သည်လည်းကောင်း ကက္ကူစေတီစုသို့ ဘုရားဖူးရန်နှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားရန်ရောက်ရှိလာခြင်း၊ ထို့အပြင် သီရိလင်္ကာနိုင်ငံအစိုးရနှင့် သံဃာဇာတို့က သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓဓာတ်တော်များ ပင့်ဆောင်လာကြကာ ကက္ကူစေတီစု၌ ပူဇော်ထားရှိခြင်းတို့ကြောင့် ယနေ့သော် ကက္ကူစေတီစု၏ ရှေးဟောင်းသမိုင်းဝင်မှုနှင့် တည်ရှိပုံအနေအထား ထူးခြားမှုတို့ အရ ကမ္ဘာကပင် သိရှိနေလေပြီ။

ယင်းကက္ကူစေတီစုအတွင်းမှ ဒုတိယအကြီးမားဆုံးဖြစ်သည့် ဖောင်တော် ဆိုက်စေတီတော်အား ဘုရားဒါယကာအဖြစ်ခံယူကာ ပြုပြင်မွမ်းမံပြီး ရွှေထီးတော် အသစ်တင်လှူပူဇော်ပွဲကို ၉-၁၂-၂၀၀၃ ရက်စွဲ၌ ဘုရားဒါယကာ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးကိုယ်တိုင် တက်ရောက်ကျင်းပခဲ့လေပြီ။ ယင်းပွဲတော် ကြီးနှင့်စပ်လျဉ်း၍ သူတော်ကောင်းတို့ နှစ်ထောင်းအားရစွာ ဖတ်ရှုနိုင်ပါစိမ့် သောငှာ **'သဒ္ဓါလက်လူ ပွင့်ခက်ကြူ ကက္ကူစေတီစု'**ခေါင်းစီးဖြင့် ရက်ဆက် ဆောင်းပါးရေးသားခဲ့ရာ ပြန်ကြားရေးဝန်ကြီးက ၃-၂-၂၀၀၄ ရက်စွဲနှင့် ၄-၂-၂၀၀၄ ရက်စွဲတို့တွင် သတင်းစာများ၌ ထည့်သွင်းဖော်ပြပေးခဲ့ပါပြီ။

(ဃ)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ဘုရား ဒါယကာ ဘုရားဒါယိကာမအဖြစ် ခံယူ၍ ပြုပြင်မွမ်းမံကာ ရွှေထီးတော်တင်လှူ ပူဇော်ခဲ့ပါသော ယင်းဖောင်တော်ဆိုက် စေတီတော်အနီး၌ ယခင်ကတည်းက နတ်သားရုပ်၊ နတ်သမီးရုပ်စသော ရုပ်စုံတို့ဖြင့် တန်ဆာဆင်တည်ထားခဲ့သော ရုပ်စုံစေတီတော်များတည်ရှိနေခဲ့ရာ ပျက်စီးယိုယွင်းနေပြီဖြစ်သဖြင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိသားစုတို့က ပြန်လည်ပြုပြင်မွမ်းမံပြီး ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို ၇-၂-၂၀၀၄ ရက်စွဲ၌ ဘုရားဒါယကာ ဘုရားဒါယိကာမများကိုယ်တိုင် ဦးဆောင်ကျင်းပခဲ့ ကြသည်။

ထိုနေ့ နံနက်၇နာရီတွင် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိ စာသင် တိုက် ပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ ဆန္ဒာဓိက အမှူးပြု သော ပင့်သံဃာတော်များကို ရှမ်းပြည်နယ်သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်နှင့်ဒုတိယဦးစီးဦးသန်းညွန့်တို့က ကက္ကူစေတီဓမ္မာရုံသို့ ပင့်ဆောင် ပြီး မရှေးမနှောင်းမှာပင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် တာဝန်ရှိပုဂ္ဂိုလ်များ ရောက်ရှိလာကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ပအိုဝ်းတိုင်းရင်း သား ခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် တိုင်းရင်းသားခေါင်းဆောင်များက အိုးစည်ဗုံမောင်းတီးမှုတ်ကြိုဆိုကြကာ ကက္ကူဓမ္မာရုံအတွင်းသို့ ရောက်ရှိလာကြ၏။

နိုင်ငံတော်ဝန်ကြီးချုပ်က သိမ်တောင်ဆရာတော်ဘုရားကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဂါရဝဖြင့် ဦးချရှိခိုးပြီးနောက် မာကြောင်း သာကြောင်း လျှောက်ထားရင်း တစ်ဆက်တည်း ဤသို့ လျှောက်ထား၏။

"ဆရာတော်ဘုရား၊ အခု ဒီဒေသတစ်ခွင်မှာ တည်ငြိမ်အေးချမ်းနေပြီ ဆိုတော့ ဒေသခံတွေ၊ တိုင်းရင်းသားတွေ သွားရေးလာရေး၊ ရောင်းဝယ်ရေး၊ စီးပွားရေးတွေ ကောင်းနေတော့မှာပေါ့ဘုရား"

သိမ်တောင်ဆရာတော်ကြီးက ကြည်လင်စွာ ပြန်လည်မိန့်ကြား၏။

"ဟုတ်တယ်ဒကာကြီး၊ ပအိုဝ်းတိုင်းရင်းသားတွေ သူဌေးဖြစ်ကုန်ကြပြီ။ အရင်ကဆို အလကားပေးတောင် မယူချင်ကြတဲ့ မြေကွက်တွေ ခုဆို သိန်းရာချီ တန်လာနေပြီလေ။ ဒီမြေတွေပေါ်မှာ စိုက်ကြပျိုးကြနဲ့ သူဌေးတွေဖြစ်ကုန်ကြပြီ"

နိုင်ငံတော်ဝန်ကြီးချုပ်၏ မျက်နှာပြင်ပေါ် ကြည်နူးရိပ်ဖြတ်သန်းသွား ကြောင်း ဤအရှင်တို့ အမှတ်ထင်ထင် သတိပြုမိလိုက်သည်။

သို့ဖြင့် အခမ်းအနား စတင်ချိန်ရောက်လာသောအခါ အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်သာသနာရေးဦးစီးဌာန ဒုတိယဦးစီး ဦးသန်းညွန့်က ဆောင်ရွက်၍ အစီအစဉ်အရ နမောတဿဖြင့် အခမ်းအနားဖွင့်၊ သိမ်တောင်ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ၊ စိန်ဖူးတော်စသည့် စေတိယ သမ္ဘာရနှင့် ဒါနဒါတဗ္ဗတို့ကို သံဃာတော်များအား ဆက်ကပ်၊ သံဃာတော်များက ပရိတ်မေတ္တာရွတ်ပွား၊ သိမ်တောင်ဆရာတော်ကြီးက အနုမောဒနာနှင့် ရေစက်ချ ချီးမြှင့်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က ရေစက်ချ အမျှပေးဝေကြကာ အခမ်းအနားပထမပိုင်း ပြီးစီးအောင်မြင်လေ၏။

ယင်းမှ ဒုတိယပိုင်း ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကျင်းပရန် ဘုရား ဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သော တာဝန်ရှိသူများ ကက္ကူ ဓမ္မာရုံမှ ရွှေထီးတော် တင်လှူပူဇော်မည့် ရုပ်စုံစေတီသို့ စိန်ဖူးတော်၊ ငှက်မြတ် နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်သွားကြသည်တွင် သာသနာ့အလံကိုင်အဖွဲ့၊ ဒေဝါဝင်းအဖွဲ့၊ ရာဇာဝင်းအဖွဲ့များခြံရံလျက် ရုပ်စုံ စေတီတော်ကို လက်ယာရစ် လှည့်လည်ပူဇော်ကြစဉ် မင်္ဂလာစည်တော်အဖွဲ့၊ တိုင်းရင်းသားရိုးရာ အတီးအမှုတ်အဖွဲ့တို့က ဂီတဖြင့် ပူဇော်ကြသကဲ့သို့ ဒေသခံပြည်သူများကလည်း တစ်ခဲနက်လိုက်ပါ ကြည်နူးစွာ မုဒိတာခြေလှမ်း လှမ်းလျက် ရှိကြကုန်၏။

ထိုမှ စိန်ဖူးတော်စသည့် စေတိယ သမ္ဘာဝတ္ထုများကို ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး ရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြကာ ကြိုတင်တက်ရောက် နေရာယူထားကြသည့် ဥပါသကာများက စေတီတော်အား ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြ၍ မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ငြမ်းထက်သို့ တက်ရောက်လျက် ရုပ်စုံစေတီတော်အား စိန်ဖူးတော်ကို ကိုယ်တိုင် သာဟတ္ထိက ဒါနမြောက် တင်လှူပူဇော်ရင်း အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ခြင်းတို့ဖြင့် အောင်ခြင်းပြည့်ဝ ဝိဇယမင်္ဂလာ ကောင်းစွာပြီးမြောက်လေသော် ဥပါသကာ ဦးသိန်းညွန့်က ကောင်းမှုအဝဝကို အမျှပေးဝေလေရာ သာဓုခေါ်သံ မိုးနဘံ ညံညံမြည်ဟိန်း လေတော့၏။

ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့က ရုပ်စုံစေတီတော်ကို ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား နိဂုံးပိုင်းအဖြစ် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု အောင်ဆုသုံးကြိမ် ပီတိစိမ်ရင်း လင်းထိန် တောက်ပ အာသီသဖြင့် ဆန္ဒညွန့်ဆုတောင်းကာ အောင်မြင်စွာ ပြီးမြောက် လေတော့၏။ ထိုမှ ရွှေမိုးငွေမိုးရွာသွန်းခြင်း၊ သံဃာတော်အရှင်သူမြတ်တို့ အား ဆွမ်းဆက်ကပ်ခြင်းတို့ဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့၏ သာသနာပြုကုသိုလ် ကြည်ညိုမနော ပီတိဇောသည် အဟောဝတ ဖြစ်တည်လေတော့၏။

(င)

မူလဘုရားဒါယကာ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်က အသက်နှင့်ထပ်တူ မြတ်နိုးခဲ့သည့် ဤကက္ကူစေတီများ၏တန်ခိုးရောင်လျှံကို မြန်မာနိုင်ငံ နိုင်ငံတော် အစိုးရက ပြည်တွင်းပြည်ပ စေတနာရှင်များ၏ သဒ္ဓါတရားဖြင့် မြင့်မားစွာ မြှင့်ထားပေးသည့်ပြင် နိုင်ငံတော်အစိုးရ ကိုယ်တိုင်ကလည်း သာသနာပြု မင်းကောင်းမင်းမြတ်တို့၏ ထုံးကို နှလုံးမူကာ တစ်ဆူပြီးတစ်ဆူ ရှေးမူမပျက် ပြုပြင်မွမ်းမံ၍ ရွှေထီးတော်တင် မင်္ဂလာသဘင်များ ဆင်ယင်ကျင်းပ ခြင်းသည် "ဘာသာရေးအနှစ်သာရအားဖြင့် သာသနာ့ဘုန်းရှိန် တထိန်ထိန်ထွန်းလင်းခြင်း၊ နိုင်ငံရေးအနှစ်သာရအားဖြင့် ကက္ကူစေတီစု၏ တပေါင်းတစည်းတည်းသော အနေအထားဒြပ်အသွင် တန်ခိုးရိပ်ဝယ် မြန်မာနိုင်ငံတစ်နံတစ်လျား တိုင်းရင်းသား ပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ မျိုးနွယ်စုပေါင်းစုံတို့၏ ပေါင်းစည်းခြင်းတန်ဖိုး ပွားတိုးမြင့်မားခြင်း"ဟူသော အဓိပ္ပာယ်နှစ်ရပ် မတ်မတ်ခိုင်ကျည်ရန်အတွက် ဖြစ်ပေရာအမှန်တကယ်ပင်**'သက်တူမြတ်နိုး ကက္ကူတန်ခိုးပေါင်းစည်းခြင်းတန်ဖိုး'** များ တိုးပွားဝဲဝင့်အမြဲမြင့် ကဲဆင့်လျက်သာ တည်နေပါတော့သတည်း။ ။

စာမျက်နှာ ၉ မှ

ပေါင်းလောင်းမြစ်ပေါ်တွင် ကျောက်ဖြည့်ရေလှောင်တမံတည်ဆောက်ပြီး မြေအောက်ဓာတ်အားပေးစက်ရုံများမှတစ်ဆင့် တစ်လုံးလျှင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၇၀ထုတ်လုပ်နိုင်သည့် စက်လေးလုံးတပ်ဆင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန်၊ ပေါင်းလောင်းမြစ်ရေကြီးမှုကို အထိုက်အလျောက်ကာကွယ်ရန်နှင့်လယ်မြေဧရိယာဧက ၃၅၀၀၀ခန့်ကို ရေပေးနိုင်ရန်ရည်ရွယ်၍ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

မဂ္ဂါဝပ်၇၀အားရှိ စက်လေးလုံးတပ်ဆင်လျက်ရှိရာ မကြာမီကာလအတွင်း၌ စက်များတပ်ဆင်ပြီးစီးပြီး ဓာတ်အားထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ယမန်နေ့မွန်းလွဲပိုင်းတွင် မဟာရာဇသီရိအနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီး၏အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြသည်။

ပုဂံမြို့ဟောင်း၌တည်ဆောက်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပုဂံမြို့ဟောင်း မြို့ရိုးတွင်း၌ တည်ဆောက်လျက်ရှိပါကြောင်း။

ပုဂံရွှေနန်းတော်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပုဂံမြို့ဟောင်း မြို့ရိုးအတွင်း၌တူးဖော်ရေးလုပ်ငန်းများကို ၂၀၀၃ခုနှစ် မေလမှ စတင်၍ဆောင်ရွက်ခဲ့ပါကြောင်း။

ပျူအရိုးအိုးများတွေ့ရှိ

တူးဖော်မည့်နေရာအား ရှင်းလင်းခြင်း၊ နယ်နိမိတ်သတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး တူးဖော်ခဲ့ရာ အနော်ရထာမင်းတရားကြီး၏ ပုဂံနန်းတော်ရာဖြစ်ကြောင်း သမိုင်းသုတေသီပညာရှင်များက တညီတညွတ်တည်း လက်ခံအတည်ပြုနိုင်သည့် အုတ်ရိုးတန်းကြီးများ၊ တိုင်ကျင်းရာကြီးများ၊ အုတ်စီအုတ်ကာအုတ်ခင်း မြေအောက်တိုက်ခန်းကျယ်ကြီးများ ပျူအရိုးအိုးများ၊ အိုးခြမ်းကွဲများကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေသန့်မင်္ဂလာကို ဩဂုတ်လအတွင်း ဆောင်ရွက်ခဲ့ပြီး ပန္နက်တင်မင်္ဂလာ၊ ပိုင်တိုင်ရိုက်ခြင်း မင်္ဂလာအခမ်းအနားများကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာမှုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ရွှေနန်းတော်များနှင့်စပ်လျဉ်းသည့် သမိုင်းဆိုင်ရာအချက်အလက် အထောက်အထားများကို ရှင်းလင်းတင်ပြပြီး ဗိသုကာပညာရှင် ဦးမြင့်သော်က ပုဂံရွှေနန်းတော် တည်ဆောက်ရေးအတွက် သက်ဆိုင်ရာအဆောက်အအုံများ ပုံစံထုတ်ရေးဆွဲထားမှုနှင့်တည်ဆောက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရွှေနန်းတော်ကြီးတည်ဆောက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော်ကြီး တည်ဆောက်ရာတွင် သမိုင်းအထောက်အထားများနှင့်အညီ ခံ့ခံ့ညားညားဖြင့် တစ်မျိုးသားလုံး ဂုဏ်ယူရမည့် ရွှေနန်းတော်ကြီးဖြစ်အောင် ကြိုးစားတည်ဆောက်သွားကြရန်မှာကြားသည်။

ပုံစံငယ်ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တည်ဆောက်သွားမည့် အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော် ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်တည်ဆောက်ရေးလုပ်ငန်းတွင် ပထမအဆင့် အနေဖြင့် ဇေတဝန်ဆောင်၊ တောင်စမုတ်ဆောင်၊ တောင်စောင်းတန်း၊ ဇေတဝန်စနုဆောင်၊ မြောက်စောင်းတန်း၊ မြောက်စမုတ်ဆောင်၊ ပဥ္စပါသာဒရွှေနန်းတော်ကြီး၊ ဘိသိက်ဆောင်၊ လက်ယာပွဲတက်ဆောင်၊ သီဟာသနပလ္လင်၊ လက်ဝဲပွဲတက်ဆောင်၊ အရှေ့စမုတ်ဆောင် စသည့်အဆောင် ၁၂ဆောင်နှင့် လှေကားကြီး ၁၀ စင်း တည်ဆောက်ရေးလုပ်ငန်းများ ပါဝင်မည်ဖြစ်ပြီး ထူးထရေးဒင်းကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

ပင်မပြခန်းစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်ကြပြီး ပင်မပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပုဂံနန်းမြို့ပြခန်းနှင့် ပုဂံရွှေနန်းတော်ကြီး ပုံစံငယ်တို့ကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၁၁-၅-၂၀၀၄)

မကွေးမြို့ ၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)

ရန်ကုန်မြို့ ၂၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် "ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ၂၀၀၄" ဂုဏ်ပြုညစာစားပွဲတက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံကြက်ခြေနီအသင်း"ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ၂၀၀၄"သို့ တက်ရောက်လျက်ရှိကြသော ပြည်နယ်နှင့်တိုင်းများမှ ထူးချွန်ကြက်ခြေနီမောင်မယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။ (အပေါ်ပုံ)

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အမျိုးသားကျန်းမာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ ထူးချွန်ကြက်ခြေနီ မောင်မယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ထူးချွန်ကြက်ခြေနီ မောင်မယ်များနှင့် အတူ ညစာသုံးဆောင်ကြသည်။

ဆေးသေတ္တာပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း ဌာနေကိုယ်စားလှယ် Ms. Joanna Macleen တို့က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းလှူဒါန်းသည့် ရှေးဦးသူနာပြုဆေးသေတ္တာများကိုပေးအပ်ရာ ဝန်ကြီးဌာနများကိုယ်စား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က လက်ခံသည်။

ထို့နောက် ထူးချွန်ကြက်ခြေနီ မောင်မယ်များကိုယ်စား ကရင်ပြည်နယ် မြဝတီမြို့နယ်မှ ထူးချွန်ကြက်ခြေနီ မထွေးထွေးလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းက နှုတ်ဆက်စကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်ကျောင်းကြက်ခြေနီအသင်းဝင်များက တေးသံသာများနှင့် ပညာပေးတစ်ခန်းရပ်ပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထူးချွန်ကြက်ခြေနီမောင်မယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

အင်အားပြင်း မြေငလျင်လှုပ်ရှား

ရန်ကုန် မေ ၁၁

ယနေ့ မြန်မာစံတော်ချိန် ၁၅ နာရီ ၀၂ မိနစ် ၃၄ စက္ကန့် အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက် ၁၁၆၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(သတင်းစဉ်)**

တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၁

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ် ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၆၆ခုနှစ် နယုန်လဆန်း ၄ရက် (မေ ၂၂ရက်) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းတိပိဋကဓရတိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ရက် (မေ ၁၃ရက်) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ကျင်းပမည်ဖြစ်ရာ အလှူရှင်များသည် အလှူငွေများ ကိုယ်တိုင်ကိုယ်ကျကြွရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟယ်လင်းနစ်သမ္မတနိုင်ငံသမ္မတထံ သံအမတ်ကြီးဦးခင်မောင်အေး ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၁၂

ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးခင်မောင်အေးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၄ခုနှစ် ဧပြီ ၃၀ရက်တွင် အေသင်မြို့၌ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကွန်စတန်တီနို၊ စတီဖန်နိုပိုလော့စ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မိုး

သတိပြုပါ

တရားဟောကြားမည်

ရန်ကုန် မေ ၁၁

ဘုရားအနေကဇာတင်၊ သိက္ခာထပ်မင်္ဂလာနှင့် ရတနာဒီပသိမ်တော်ကြီး ရေစက်ချမင်္ဂလာပွဲကို ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ရတနာကျွန်းရိပ်သာ ကျောက်စိမ်းပတ်လမ်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ မေ ၁၄ရက် ည ၇နာရီတွင် စစ်ကိုင်းတောင်ရိုး သီတဂူရှင်ဉာဏိဿရ ဆရာတော်က တရားတော်များ ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး စတင်ကျင်းပ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေး တက်တက်ကြွကြွပါဝင်ရန်အဆိုတင်သွင်း

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ စတင်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့်ဗိုလ်မှူးချုပ်အောင်သိန်း၊မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)နှင့်ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ လေ့လာသူများနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးပထမနေ့တွင်သဘာပတိအဖြစ်မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တွဲဖက်အတွင်းရေးမှူးဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)ကဆောင်ရွက်သည်။

အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကိုဖတ်ကြားတင်ပြပြီး ယနေ့စတင်ကျင်းပသော ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ဗဟိုဦးစီးအဖွဲ့ဝင် ၁၇၈ ဦးရှိသည့်အနက် ၁၅၆ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၅ ဒသမ ၃၉ ရှိသောကြောင့်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက်သဘာပတိမြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ကအဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ တတိယအကြိမ် ညီလာခံက ချမှတ်ပေးခဲ့သော ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို မည်ရွေ့မည်မျှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး မည်သည့်လုပ်ငန်းများကိုတော့ ဆက်လက် အကောင်အထည်ဖော်ရန် လိုအပ်နေသေးသည်ဆိုသည့် လုပ်ငန်းဆိုင်ရာအချက်များကို သုံးသပ်ဆွေးနွေးနိုင်ရန် ကျင်းပသော အစည်းအဝေးဖြစ်ကြောင်း။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ပြည်သူများ၏ အတွေးအခေါ် ပြောင်းလဲရေး၊ စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး စသည်တို့ကို ထိရောက်ထက်မြက်စွာ စည်းရုံး လှုံ့ဆော်နိုင်ရန် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကို ရည်ရွယ်ချက်(၅)ရပ်၊ လုပ်ငန်းစဉ်(၁၀)ရပ်တို့ဖြင့် ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြောင်း။

အဖွဲ့ဝင်တိုးတက်

ပထမအကြိမ် ညီလာခံ ကျင်းပချိန်တွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ၁၁၆ဖွဲ့၊ စည်းရုံးရေးကော်မတီ ၁၁ခု စုစုပေါင်း ၁၂၇ မြို့နယ်နှင့် အဖွဲ့ဝင်ပေါင်း၂၃၆၆ ဦး ရှိခဲ့ရာမှ ယခု တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပချိန်တွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ၁၆၃ ဖွဲ့၊ စည်းရုံးရေးကော်မတီ ခုနစ်ခု၊ စုစုပေါင်း ၁၇၀၊ မြို့နယ်နှင့် အဖွဲ့ဝင်ပေါင်း ၆၇၀၀ အထိ တိုးတက်လာခဲ့ကြောင်း။

မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အဆင့်ဆင့်နှင့် အဖွဲ့ဝင်အင်အား တိုးတက်လာခြင်းသည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ကြီး၏ စည်းရုံးရေး စွမ်းပကား မြင့်မားလာခြင်း၏ ရလဒ်ကောင်းများပင်ဖြစ်ကြောင်း။

မြန်မာစာပေလောက တိုးတက်စည်ပင်ရေးနှင့် စာပေပညာရှင်များ၏ လူနေမှုဘဝ လုံခြုံမြင့်မားစေရေးအတွက် နိုင်ငံတော် အစိုးရက ထိုက်သင့်သည့် ချီးမြှင့်ထောက်ပံ့မှုများကို အားပေးဆောင်ရွက်လျက် ရှိကြောင်း စသည်ဖြင့်ပြောကြားသွားသည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ်ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

သဝဏ်လွှာဖတ်ကြား

ယင်းနောက်အခမ်းအနားမှူးက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ ညီနောင်မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းတို့မှ ဂုဏ်ပြုပန်းခြင်း ပေးပို့ခဲ့ကြောင်းကို တင်ပြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံအားကစား ကလောင်ရှင်များအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းတို့က ပေးပို့သောဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏အစီရင်ခံစာကို ဗဟို အမှုဆောင်ကော်မတီအတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်)တို့ကဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဗဟိုအမှုဆောင်ကော်မတီ၏ ဘဏ္ဍာရေးရှင်းတမ်း (၂၀၀၂–၂၀၀၄)ကိုဗဟိုအမှုဆောင်ကော်မတီ ဘဏ္ဍာရေးမှူးဦးသန်းမောင်(သန်းမောင်)ကတင်သွင်းစဉ်။(သတင်းစဉ်)

ဖတ်ကြားတင်သွင်း

ယင်းနောက် အစည်းအဝေးကို ပြန်လည်ကျင်းပရာ ဗဟိုအမှုဆောင်ကော်မတီ၏ ဘဏ္ဍာရေးရှင်းတမ်း (၂၀၀၂–၂၀၀၄)ခုနှစ်ကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဗဟိုအမှုဆောင်ကော်မတီ ဘဏ္ဍာရေးမှူး ဦးသန်းမောင်(သန်းမောင်)ကလည်းကောင်း၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို စာရင်းစစ်အဖွဲ့ခေါင်းဆောင်ကိုယ်စား ဗဟိုအမှုဆောင်ကော်မတီဝင် ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း – လမ်းမတော်)ကလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြသည်။

ဆက်လက်၍ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးသန်းလှိုင်(တက္ကသိုလ်သိခ်)က အဆိုအမှတ်(၁)ဖြစ်သည့် အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ မြန်မာနိုင်ငံစာပေလောကသားအားလုံးက အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် အဆိုကိုတင်သွင်းရာတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အဆင့်ဆင့်နှင့် အဖွဲ့ဝင် အားလုံးသည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးကိုလည်းကောင်း၊ မူဝါဒလမ်းစဉ် (၇) ရပ်၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးကိုလည်းကောင်း၊

ဗဟိုအမှုဆောင်ကော်မတီ အစီရင်ခံစာ ဒုတိယပိုင်းကို ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်)က တင်သွင်းစဉ်။ (သတင်းစဉ်)

အခြားသော NGOအဖွဲ့အစည်းများနှင့် လက်တွဲကာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းစသည်ဖြင့် အကျယ်တဝင့်တင်သွင်းသွားသည်။

ထောက်ခံဆွေးနွေး

ထို့နောက် ကရင်ပြည်နယ်ဘားအံမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမန်းသင့်နောင်(မန်းသင့်နောင်–ကော့ကရိတ်)က ထောက်ခံဆွေးနွေးရာတွင် မိမိတို့မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတော်ဖြစ်ခြင်းကြောင့် တိုင်းရင်းသား အသီးသီးသည် ဂုဏ်သိက္ခာရှိရှိ၊ အဆင့်အတန်းမြင့်မြင့် လုံခြုံအေးချမ်းစွာ အတူလက်တွဲပြီး နေထိုင်သွားကြရန် အရေးကြီးကြောင်း၊

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ဗဟို အမှုဆောင်ကော်မတီ အစီရင်ခံစာကိုပထမပိုင်းတွင်အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)က တင်သွင်းစဉ်။ (သတင်းစဉ်)

အဆို(၁)ကို ဗဟိုအမှုဆောင်ကော်မတီဝင် ဦးသန်းလှိုင် (တက္ကသိုလ်သိခ်)က တင်သွင်းစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားများအားလုံး၏ အခွင့်အရေးများ ထင်ထင်ရှားရှား ပြည့်ပြည့်စုံစုံရရှိမည်ဖြစ်သော အခြေခံဥပဒေ ချောမောပြည့်စုံစွာနှင့် ခံ့ခံ့ညားညား ပေါ်ထွက်လာရန်၊ ပေါ်ထွက်လာမည့် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အားလုံးတွင်တာဝန်ရှိကြောင်းဖြင့် အကျယ်တဝင့်ထောက်ခံဆွေးနွေးသွားသည်။

အင်တိုက်အားတိုက်ပါဝင်

ထို့နောက် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အဆိုတင်သွင်းရာတွင် ပြည်သူတို့နှင့်အတူ စာပေလောကတစ်ရပ်လုံးပါဝင်လျက် ပြည်ထောင်စုစိတ်ဓာတ်နှင့် ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဆိုသော စည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကို အခြေခံပြီး တစည်းတလုံး တည်းသော ပြည်ထောင်စုကြီးအဖြစ် ဖော်ဆောင်သွားကြမည်ဟု စသည်ဖြင့် အကျယ်တဝင့်တင်ပြရင်း အဆိုအမှတ်(၂) ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားများအားလုံးစုပေါင်းပါဝင်တည်ဆောက်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမပြိုကွဲရေးအတွက် မြန်မာနိုင်ငံစာပေလောကသားအားလုံးတို့က တိုင်းရင်းသားများနှင့် စည်းလုံးညီညွတ်စွာ လက်တွဲကာကွယ်ထိန်းသိမ်းစောင့်ရှောက်၍ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ အမြန်ရောက်ရှိအောင် အင်တိုက်အားတိုက် ပါဝင်တည်ဆောက်သွားကြရန် အဆိုကို အကျယ်တဝင့် တင်သွင်းသည်။

ပြည်သူတစ်ရပ်လုံးပါဝင်လာရေး

ဆက်လက်၍ ယင်းအဆို အမှတ်(၂)ကို မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်နုနုရင်(မေသျှိသျှား)က ထောက်ခံဆွေးနွေးရာတွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် ကာယ၊

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံဂုဏ်ပြုငွေလှူဒါန်း

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယကဦးကျော်ညွန့်(ကျော်ညွန့်ရည်)၊ ဇနီး ဒေါ်ဝါဝါကျော်တို့၏ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာရေးထောက်ပံ့မှု ရန်ပုံငွေအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်၁၀နာရီခွဲတွင် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌတို့တက်ရောက်ကြပြီး အလှူရှင် ဦးကျော်ညွန့်(ကျော်ညွန့်ရည်)က အလှူငွေကျပ် ၂၅၀၀၀၀ ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းမှတစ်ဆင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)သို့ ပေးအပ်လှူဒါန်းသည်။

အလားတူ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မွန်းလွဲ ၁နာရီခွဲတွင် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသည့် ဒေါ်ရင်ရင်(စောမုံညင်း)က ငွေကျပ်၅၀၀၀၀၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ်၂၀၀၀၀၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၂၀၀၀၀၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ်၂၀၀၀၀ အပါအဝင် အလှူရှင်၃၁ဦးတို့က ငွေကျပ်၄၉၃၅၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များက လက်ခံကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးကျော်ညွန့်(ကျော်ညွန့်ရည်)၊ ဇနီး ဒေါ်ဝါဝါကျော်တို့၏ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာရေးထောက်ပံ့မှုရန်ပုံငွေအတွက် အလှူငွေကျပ် ၂၅၀၀၀၀ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းထံ အလှူရှင်က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၂ မှ

ဉာဏ စွမ်းအားရှိသမျှ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ စာပေလောကသားများအနေဖြင့် ဒို့တာဝန် အရေးသုံးပါးကို မျက်ခြည်ပြတ်မခံဘဲ မိမိတို့ကလောင်စွမ်းအားဖြင့် နိုင်ငံ တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကိုယ်တိုင်သာမကဘဲ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တစ်ခဲနက်ပါဝင်လာအောင် လှုပ်ရှားလုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ထောက်ခံ ဆွေးနွေးသွားသည်။

ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က စာပေလောကသားများအနေဖြင့် မိမိတို့၏လှုပ်ရှားဆောင်ရွက်နေသည့် လူမှုဘဝနယ်ပယ်၌ နိုင်ငံတကာနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရန်ဆိုသည့် နေရာတွင် နည်းပညာများအထူးလိုအပ်လှကြောင်းဖြင့် အဆိုအမှတ်(၃)ဖြစ်သော “မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းလုပ်ငန်းများကို နိုင်ငံတကာနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာပေလောကသားအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်”အဆိုကို တင်သွင်းရာ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးကြိုင်မြင့် (မောင်ရန်ရှင်း)က ထောက်ခံဆွေးနွေးရာတွင် ယခုလက်ရှိ စာပေလောကနယ်ပယ်တွင် ဂျာနယ်၊ မဂ္ဂဇင်းများအနေဖြင့် e-mail, Internet များ အသုံးချနေကြပြီဖြစ်ကြောင်း၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်၊ ကမ္ဘာ့အဆင့်မီနိုင်ရန်၊ နိုင်ငံတကာအဆင့်မီနိုင်ရန် ဆိုလျှင် IT နည်းပညာကို အသုံးချရန် အထူးလိုအပ်ကြောင်း တို့ဖြင့် အကျယ်တဝင့် ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်စည်းရုံး

ဆက်လက်၍ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ချိုချိုတင်(မစန္ဒာ)က အဆိုအမှတ်(၄)ဖြစ်သည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် စာပေလောကသား အားလုံးကို စာပေကဏ္ဍအသီးသီး၌ စည်းရုံးစုစည်းလျက် ကျစ်လျစ်ခိုင်မာသော အဖွဲ့အစည်းအဖြစ် ဆက်လက်စည်းရုံး တည်ဆောက်သွားရန် အဆိုကို တင်သွင်းရာတွင် တတိယအကြိမ် ညီလာခံ၏ ရှေ့လုပ်ငန်းစဉ်ကိုးရပ်အနက် ရှေ့လုပ်ငန်းစဉ် အမှတ်(၃)တွင် “စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ တိုးချဲ့စည်းရုံးရေး၊ ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာရေး၊ ဦးဆောင်မှုမြင့်မားရေးနှင့် စည်းရုံးလှုပ်ရှားမှု သွက်လက်ထက်မြက်ရေးတို့အတွက် ဆောင်ရွက်ရေး”ဟူသည့်ဆုံး ဖြတ်ချက်ကို ချမှတ်ခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များသည်စာပေတာဝန်များကို ဦးလည်မသုန် ထမ်းဆောင်လျက်ရှိကြပြီဖြစ်ကြောင်းဖြင့် အကျယ်တဝင့် တင်သွင်းသွားသည်။

ဗဟိုစာရင်းစစ်အဖွဲ့ အစီရင်ခံစာကို ဗဟိုအမှုဆောင် ကော်မတီဝင် ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်)က တင်သွင်းစဉ်။ (သတင်းစဉ်)

အဆို(၂)ကို ဗဟိုအမှုဆောင် ကော်မတီဝင် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က တင်သွင်းစဉ်။ (သတင်းစဉ်)

အဆို(၃)ကို ဗဟိုအမှုဆောင် ကော်မတီဝင် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က တင်သွင်းစဉ်။ (သတင်းစဉ်)

အဆို(၄)ကို ဗဟိုအမှုဆောင် ကော်မတီဝင် ဒေါ်ချိုချိုတင် (မစန္ဒာ)က တင်သွင်းစဉ်။ (သတင်းစဉ်)

အရှိန်အဟုန်မြှင့်

ထို့နောက် ရန်ကုန်တိုင်း အလုံမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်ချိုချိုသန်း(ချိုမြနွယ်)က ထောက်ခံ ဆွေးနွေးရာတွင် တတိယအကြိမ်ညီလာခံသက်တမ်းကာလအတွင်းတွင် တိုးချဲ့စည်းရုံးရေးနှင့် အဖွဲ့အစည်းများကျစ်လျစ်ခိုင်မာရန် မြို့နယ်များအနေဖြင့် စီမံချက်များချမှတ်ဆောင်ရွက်သွားရန် ဆက်လက်ဆောင်ရွက်ခဲ့ခြင်း၊ မြို့နယ်များမှ လစဉ်အစည်းအဝေးများ မှန်မှန်ကျင်းပပြီး မြို့နယ်စာပေလုပ်ငန်းများ စည်းရုံးဆောင်ရွက်ရာတွင် အဖွဲ့အတွင်း ကျစ်လျစ်ခိုင်မာရေးကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ခဲ့ကြောင်းဖြင့် အကျယ်တဝင့်ထောက်ခံဆွေးနွေးသွားသည်။

ထို့နောက် အခမ်းအနားမှူးက မေ၁၂ရက်တွင် ဆက်လက်ကျင်းပမည့် အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ကြေညာပြီး သဘာပတိ၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

အဆိုပါ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို မေ၁၃ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အဆို(၁)ကို ဘားအံမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမန်းသင့်နောင် (မန်းသင့်နောင်-ကော့ကရိတ်)က ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)



အဆို(၂)ကို မဟာအောင်မြေမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်နုနုရင်(မေသျှိသျှား)က ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

အဆို(၃)ကို ဗိုလ်တထောင်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးကြိုင်မြင့် (မောင်ရန်ရှင်း)က ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

အဆို(၄)ကို အလုံမြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဒေါ်ချိုချိုသန်း (ချိုမြနွယ်)က ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်
မေလ (၁၁) ရက်မှ (၁၃) ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

Myitkyina Open ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁၁

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့ကကြီးမှူး၍ Jade Land Myanmar Co., Ltd. က အဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် Myitkyina Openဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၉ရက် နံနက် ၇နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ Northern Star ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏စတုတ္ထနေ့ (၁၈)ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင်ဝါရင့် ဂေါက်သီးရိုက်အားကစားသမား မြန်မာ့လက်ရွေးစင်ဟောင်း မြင့်သောင်း(K.M Golf Centre) က ပင်ကိုလက်စွမ်းပြပြီး စတုတ္ထနေ့ပြိုင်ပွဲ၌ သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ (၇၆+ ၇၀+ ၇၅+၆၉) စုစုပေါင်း ၂၉၀ ချက်ဖြင့် ဗိုလ်စွဲပြီး ဆုကြေးငွေကျပ် ၁၀ သိန်းကို ဆွတ်ခူးသွားသည်။

ပြိုင်ပွဲတွင် သုံးရက်ဆက်တိုက် ဦးဆောင်ကစားနိုင်ခဲ့သည့်ဇော်ဇော်လတ် (Pan-West)က စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲ၌ စိတ်လှုပ်ရှားပြီး လက်စွမ်းမပြနိုင်သောကြောင့် (၆၇+၇၂+၇၁+ ၈၁) စုစုပေါင်း ၂၉၁ ချက်ဖြင့် ဒုတိယနေရာဖြင့် ဆုကြေးငွေကျပ် ခြောက်သိန်းဖြင့် ကျေနပ်ခဲ့ရသည်။

မင်းနိုင်(Srixon)က(၇၄+ ၇၄+ ၇၄+၇၀)စုစုပေါင်း ၂၉၂ ချက်ဖြင့် တတိယရရှိပြီး ဆုကြေးငွေကျပ် လေးသိန်းငါးသောင်းရရှိသွားသည်။

ပြိုင်ပွဲတွင်နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုကို (Daily Best) ဆုရရှိကြသော ဂေါက်သီးရိုက်အားကစားသမားများမှာ ပထမနေ့ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Pan-West)က ၆၇ ချက်၊ ဒုတိယနေ့ပြိုင်ပွဲတွင် မြင့်သောင်း (K.M Golf Centre) က ၇၀ ချက်၊ တတိယနေ့ပြိုင်ပွဲ တွင် ဇော်ဇော်လတ် (Pan-West) က ၇၁ ချက်နှင့် စတုတ္ထနေ့ပြိုင်ပွဲတွင် မြင့်သောင်း (K.M Golf Centre) က ၆၉ချက်တို့ဖြစ်ကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် သိန်းဇော်မြင့်က(၇၀+၇၂+၇၂+၇၂) စုစုပေါင်း ၂၈၆ ချက်ဖြင့် ပထမရပြီး ဗိုလ်စွဲသွားသည်။

ဇော်ဇင်ဝင်းက(၇၅+၇၅+၇၃+၇၀) ပေါင်း ၂၉၃ ချက်ဖြင့် ဒုတိယရပြီး Derek Htet Doe က (၇၃+၇၃+ ၇၈+၇၁) စုစုပေါင်း ၂၉၅ ချက်ဖြင့် တတိယရရှိသည်။

ပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများမှာ ပထမနေ့ပြိုင်ပွဲ၌ သိန်းဇော်မြင့်က ၇၀ ချက်၊ ဒုတိယနေ့ပြိုင်ပွဲတွင် ယဉ်အောင်လတ်နှင့် လှမျိုး ၇၀ ချက်စီ၊ တတိယနေ့ပြိုင်ပွဲ တွင် သိန်းဇော်မြင့်၊ ကျော်သီဟနှင့် နိုင်နိုင်လင်းတို့က ၇၂ ချက်စီနှင့် စတုတ္ထနေ့ ပြိုင်ပွဲတွင် ဇော်ဇင်ဝင်းနှင့် နေလင်းထွန်းတို့ ၇၀ချက်စီဖြစ်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပကာ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

Myitkyina Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Managementက တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားအလှူပေးဝေမည်

ရန်ကုန် မေ ၁၁

ဗုဒ္ဓဘာသာ၏အနှစ်သာရနှင့် ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်ခရီးအတွက် ရှင်းလင်းလွယ်ကူသော ဝိပဿနာအားထုတ်နည်းများပြန့်ပွားစေရန်ရည်ရွယ်၍အမှတ်(၁၂၆)သုံးလွှာ ၃၈ လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၀၇၀၀၌ တည်ရှိသော အဝိဇ္ဇာမှဝိဇ္ဇာသို့ တရားအလှူတော်လုပ်ငန်း၏ လုပ်ငန်းခွဲ(၃၁)ကို ရွှေမိသားစု အမှတ် ၂၄ ဈေးလမ်း ကျွဲပွဲမြို့ အုတ်တွင်းမြို့နယ် ပဲခူးတိုင်း၌လည်းကောင်း၊ လုပ်ငန်းခွဲ(၃၂)ကို ဦးဇော်ဝင်း-ဒေါ်မြသိန်း ချောင်းငန်းတန်းလမ်း ပုတီးကုန်းမြို့ သဲကုန်းမြို့နယ် ပဲခူးတိုင်း၌လည်းကောင်း၊ လုပ်ငန်းခွဲ(၃၃)ကို စာရိတ္တာမြှင့်တင်ရေး ဓမ္မာရုံ ၉၁ လမ်း ကန်တော်လေး မင်္ဂလာတောင်ညွန့်၌လည်းကောင်း၊ လုပ်ငန်းခွဲ(၃၄)ကို ဗဟိုစတိုး အမှတ် ၂၀၉၊ ၁ရပ်ကွက် ချောင်းတွင်းလမ်းမကြီး ဖျာပုံမြို့ ဖုန်း-၀၄၅-၄၀၅၅၄၊ ၄၀၂၂၇ ၌လည်းကောင်း၊ လုပ်ငန်းခွဲ(၃၅)ကို ဦးသုဇန ကုန်းကျောင်းစာသင်တိုက် ကျောက်ကြီးမြို့ ပဲခူးတိုင်း၌လည်းကောင်း ဖွင့်လှစ်ထားရှိသည်။ ယင်းနေရာများ၌ သစ္စာတရားခွေနှင့် တရားစာအုပ်များကိုမည်သူမဆိုဓမ္မဒါနအခမဲ့ ငှားရမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၄ လားရှိုးနန်းဟောဝန်ဥယျာဉ်တွင်ကျင်းပမည်

ရန်ကုန် မေ ၁၁

အရည်အသွေးကောင်းမွန်စွာ စနစ်တကျ ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများ၊ ပြည်ပသွင်းကုန်အစားထိုးကုန်ပစ္စည်းများ၊ ကုန်ပစ္စည်းအမယ်သစ် (အမည်သစ်)များ အများ ပြည်သူအတွင်း ကျယ်ပြန့်စွာ တိုက်ရိုက်ထိတွေ့လေ့လာနိုင်စေရန်နှင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် အထောက်အကူပြုဖြစ်စေရန် ရည်ရွယ်ကာ မြန်မာ့ထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၄ (Myanmar Products Expo'2004)ကို မေ ၁၅ရက်မှ ၁၉ရက်အထိ လားရှိုးမြို့ နန်းဟောဝန်ဥယျာဉ်၌ Dragon Exhibitions Limited က စည်ကားစွာကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံး အဆောင်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ စက္ကူစာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်း၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်း၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းအလှဆုံးပြင်ဆင်မှု ရွေးချယ်ခြင်းနှင့် Star Entertainment၏ ကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးကြော်ငြာသရုပ်ပြပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၇၃၁၄၈ သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ACECOMS Seminar 01/04
Seismic Evaluation and Performance Based Design of Buildings
Room 205, MICT Park, Yangon
May 13 to 14, 2004, 9:00 AM to 4:00 PM
Register at: Saw Htwe Zaw and Associates
169G, Pyay Road, 9 Miles, Mayangone, Yangon
sawhtwe@fortunemyanmar.com.mm
Phone: 650455, 722969, 09-5005356

Job Vacancies
(For local service only)
We are seeking for qualified candidates for the following posts;
1. Mechnical Engineer (B.E) 3 Posts
2. Electrical Engineer (B.E) 3 Posts
3. Civil Engineer (B.E) 2 Posts
4. Textile (B.E) 3 Posts
5. D.T.P-Data Entry min 60 wpm (Fluence in Excel and PM) 3 Post
6. Office Staff (any graduate) 3 Posts
7. General worker 5 Posts
Required for 1 to 4 ;
- Good computer knowledge
- Can write and speak English well
- 2 years work experience .
Interested person may submit detailed CV with relevant documents , a recent photo, a copy of labour registration card,expected salary to P.O box 189 within 2 weeks.

ဆရာ ဦးရွှေမြ

MCC ၏ အကျိုးရှိရှိ ထိထိမိမိ သင်တန်းများ
◆ Desktop Publishing Course ၁၃ပတ် - (၁၈၀၀၀ိ/-)
◆ Computerised Accounting Course ၁၂ပတ် - (၁၅၀၀၀ိ/-)
Accpac Plus Software
MCC

U Aung Naing (LCCI)
L.C.C.I Level 1, 2 & 3
Diploma
5.6.04 (Sat)
Ph : 721143, 09 5020528

ကျေးလက်နေပြည်သူများအားထားရာ ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး

ကလေး-ဝင်းသူ

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ကလေးမြို့ ဆေးရုံကြီးရှိ လူနာများအား လာရောက်ကြည့်ရှုအားပေးစဉ်။

လူနာများကို

၁။ နွေးထွေးစွာကြိုဆိုပါ။

၂။ စေတနာနှင့်ပြုစုကုသပေးပါ။

အထက်ပါစာသားကလေးများကား ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ ဆေးရုံအဆောင်တိုင်းတွင် တွေ့မြင်ဖတ်ရှုနိုင်သော ဆေးရုံ၏ စေတနာပါ စာသားကလေးများ ဖြစ်သည်။

ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသည် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက်နှစ်ရပ်ဖြစ်သော

၁။ လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေး၊

၂။ လူတိုင်းရောဂါဘယကင်းရှင်းရေးဟူသော ရည်ရွယ်ချက်နှစ်ရပ်ကို လက်တွေ့မျက်တွေ့အကောင်အထည်ဖော်ပေးသော ဆေးရုံကြီးဖြစ်သည်။

အခမဲ့ဆေးဝါးကုသပေးသူပေါင်း ၄၈၄ဦးရှိသည်။

ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသည် ကလေးမြို့ပေါ်တွင်သာမက ကျေးလက်ဒေသအထိပါ နယ်လှည့်ကွင်းဆင်း၍ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးကို ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။ တစ်နည်းအားဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းညွှန်ချက် ငါးချက်မှ **"ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ရေး"** ဟူသော ရည်ရွယ်ချက်တစ်ရပ်ကို ပေါက်မြောက်အောင် အကောင်အထည်ဖော်ပေးနေခြင်းလည်း ဖြစ်သည်။

ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများသည် ၂၀-၁-၂၀၀၂ ရက်က ကလေးမြို့နယ် နတ်ချောင်းတိုက်နယ်ဆေးရုံသို့ ကွင်းဆင်း၍ ကျေးရွာဒေသခံလူနာပေါင်း ၃၄၈ဦးကိုလည်းကောင်း၊ ၂၂-၃-၂၀၀၂ရက်က မင်းကင်းမြို့နယ် ကြာပင်တိုက်နယ်ဆေးရုံ၌ ကျေးလက်ဒေသခံ လူနာပေါင်း ၂၄၈ဦးကိုလည်းကောင်း၊ ၂၃-၅-၂၀၀၂ ရက်က ကလေးဝမြို့နယ် မစိန်တိုက်နယ်ဆေးရုံတွင် ကျေးလက်ဒေသခံလူနာပေါင်း ၃၂၆ဦးကိုလည်းကောင်း၊ ၁၂-၇-၂၀၀၂ ရက် တွင် ကလေးမြို့နယ် ပျဉ်းခုံကြီး ကျေးလက် ကျန်းမာရေးဌာန၌ ကျေးရွာနေ ဒေသခံလူနာ ၂၄၈ဦးကို လည်းကောင်း၊ ၂၉-၇-၂၀၀၂ရက်က ကလေးမြို့နယ် အင်ဒိုင်းကြီး ကျေးရွာတွင် ကျေးလက်ဒေသခံ ၂၀၀တို့အားလည်းကောင်း အသီးသီး ဆေးဝါးကုသပေးခဲ့ပြီး ကျန်းမာရေး ပညာပေး ဟောပြောပွဲ တစ်ရပ်ကို ကျင်းပပြုလုပ်ပေးခဲ့သည်။

ထို့ပြင် ၂၀၀၂ခုနှစ် ဒီဇင်ဘာလ ၂၇-၂၈ရက်နေ့များကလည်း မော်လိုက်၊ ကလေးဝမြို့နယ်များသို့ ညအိပ်ကွင်းဆင်း၍ လူနာပေါင်း ၁၇၀ကို ဆေးဝါးကုသ ပေးခဲ့သည်။ ၂၀၀၃ခုနှစ် မေ ၆ရက် ကလည်း ကလေးမြို့နယ် စခန်းကြီးကျေးရွာရှိ လူနာပေါင်း ၃၈၇ဦးကိုလည်း နယ်လှည့်ကွင်းဆင်း၍ ဆေးဝါးကုသပေးခဲ့ကြသည်။ ဤသို့ဖြင့် ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများသည် ကျေးလက်အထိ စေတနာထား၍ ကုသပေးလျက်ရှိသည်။ ကျေးလက်နေပြည်သူများကလည်း အထူးဝမ်းမြောက်နေကြသည်။ ဝမ်းသာနေကြသည်။ ကုသပေးသော ဆရာဝန်ကြီးများ၊ ဆရာမကြီးများအား ကျေးဇူးတင်သကဲ့သို့ ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုပေးနေသော နိုင်ငံတော်အစိုးရအားလည်း အထူးကျေးဇူးတင်လျက်ရှိသည်။ နိုင်ငံတော်တွင် လူဦးရေပေါင်း သန်း၅၀ကျော်ရှိရာ ကျေးလက်ဒေသတွင် သန်း၃၀ကျော် နေထိုင်လျက်ရှိသည်။ ကျေးလက်နေ ပြည်သူတို့သည် တောင်သူလယ်သမားအများစုနေထိုင်ရာဖြစ်၍ လယ်ယာကုန်ထုတ်လုပ်မှု မကျဆင်းရန် လယ်သမားများ ကျန်းမာရေးနှင့် ပြည့်စုံရန် များစွာမှလိုအပ်နေသည်။ ထို့ကြောင့်လည်း ကလေးမြို့ ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများသည် ကျေးလက်အထိ ကွင်းဆင်းကုသပေးလျက်ရှိပေသည်။

ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အထူးကုဆရာဝန်များ ကျေးရွာအရောက်ကွင်းဆင်း ကုသပေးနေသည်မှာ ဝမ်းသာကြည်နူးစရာ။

ကလေးမြို့ဆေးရုံကြီးသည် ချို့တဲ့သူများအတွက် အခမဲ့ ကုသပေးနေသော ဆေးရုံကြီးဖြစ်ရာ မရှိဆင်းရဲသော လူနာများအား အခမဲ့ကုသပေးနိုင်ရန် 'ငွေပဒေသာပင်' စိုက်ထူထားရာ ၁၉၉၆ခုနှစ် ဖေဖော်ဝါရီလ ၉ရက်နေ့မှ ယနေ့အထိ ရှစ်နှစ်တာကာလအတွင်း ငွေကျပ်သိန်း ၂၀ကျော် လှူဒါန်းထားရှိ နိုင်ပြီဖြစ်သည်။

ကလေးမြို့ ဆေးရုံကြီးသည်အထွေထွေရောဂါကုဆေးရုံကြီး မဖြစ်မီက (၂၅) ခုတင်ဆံ့ ဆေးရုံကလေးမျှသာဖြစ်သည်။ ထိုစဉ်က စာရေးသူ၏ ဖခင် ဦးဘရှင် တီဘီရောဂါထ၍ တစ်လကြာ ဆေးဝါးကုသစဉ် စာရေးသူ စောင့်ရှောက် လိုက်ပါခဲ့ရသည်။ အထွေထွေရောဂါကု ဆေးရုံကြီး ဖြစ်လာပြီး ၂၀၀၀ပြည့်နှစ်တွင်လည်း အရိုး၊ အကြောအထူးကု ဆရာဝန်ကြီး ဒေါက်တာရဲငွေက စာရေးသူ၏ ဘယ်ဘက်လက်မောင်း လှုပ်မရသည်ကို အခမဲ့ ခွဲစိတ်ကုသပေးခဲ့သည်။ ခွဲစိတ်ခန်းတွင် စာရေးသူ တစ်နာရီမျှကြာအောင် ခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။ အထူးကုဆရာဝန်ကြီးဦးရဲငွေ၏ ကျေးဇူးကြောင့်သာ ယခု စာရေးသူ စာဆက်ရေးနေနိုင်ခြင်းဖြစ်၏။ ထို့ကြောင့်လည်း ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသည် စာရေးသူ၏ ဖခင်ကိုရော၊ စာရေးသူကိုပါ ကျေးဇူးပြုပေးခဲ့သော ကျေးဇူးရှင်ဖြစ်၍ ဤစာစုဖြင့် ကျေးဇူးတုံ့ပြန်နေရခြင်း ဖြစ်သည်။

ကလေးမြို့ ပြည်သူ့ဆေးရုံကြီးကို ၁၉၅၉ခုနှစ်က အောင်မင်္ဂလာရပ်ကွက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ၁၉၆၅ခုနှစ်တွင် ယခုလက်ရှိညောင်ပင်သာရပ်ကွက်မြေနေရာသို့ ပြောင်းရွှေ့ပြီး (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် ဖွင့်လှစ်ခဲ့သည်။ ထို(၂၅)ခုတင်ဆံ့ ဆေးရုံကို ၁၉၉၁ ခုနှစ်တွင် ခုတင်(၅၀) ဆံ့ ဆေးရုံအဖြစ် တိုးမြှင့် ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ကလေးခရိုင် ကလေးမြို့သည် ဒေသဖွံ့ဖြိုးရေး ၂၄ခုတွင် တစ်ခုအပါအဝင်ဖြစ်ရာ ယခင် ခုတင် (၅၀)ဆံ့ ဆေးရုံကြီးကို ၁၉၉၈ ခုနှစ်မှစ၍ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ကလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၏ လက်ရှိမြေ အကျယ်အဝန်းမှာ ၁၁ ဒသမ ၅၄၇စကေးရှိပြီး တိုးချဲ့ရန် လျာထားသော မြေဧကမှာ ၂ ဒသမ ၃၁၆ဖြစ်သည်။ ခွင့်ပြုသော ခုတင်ဦးရေမှာ (၂၀၀)ဆံ့ဖြစ်သော်လည်း လက်ရှိအသုံးပြုနေသည့် ခုတင်ဦးရေမှာ (၂၃၀)ဖြစ်သည်။ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးအနီးတွင် သူနာပြုတက္ကသိုလ်တစ်ခုက တိုးချဲ့ ဆောက်လုပ်ဦးမည်ဖြစ်ရာ မြေဧကများစွာ လိုအပ်နေပါသေးသည်။

ကလေးမြို့သည် ချင်းတောင်ခြေရင်းတွင်ရှိ၍ မြောက်ပိုင်းချင်းပြည်နယ်၏ တံခါးပေါက် (ဝင်ပေါက်၊ ထွက်ပေါက်)ဖြစ်နေရာ ချင်းပြည်နယ် ငါးမြို့နယ် အတွင်းရှိ ဖလမ်း၊ ဟားခါး၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန် မြို့နယ်များရှိ တိုင်းရင်းသား ချင်းအမျိုးသားတို့၏ ကျန်းမာရေးကိုသာမက မကွေးတိုင်း ဂန့်ဂေါ၊ ထီးလင်းမြို့နယ်များ၏ ကျန်းမာရေးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်း အတွင်းရှိ၊ ကလေး၊ ကလေးဝ၊ တမူး၊ မင်းကင်း၊ မော်လိုက်၊ ဖောင်းပြင်၊ ခန္တီး၊ ဟုမ္မလင်းမြို့နယ်များရှိ ပြည်သူများ၏ ကျန်းမာရေးကိုပါ ကျယ်ပြန့်စွာ ကူညီစောင့်ရှောက်ကုသပေးလျက်ရှိသည်။

ထိုသို့ ကျယ်ပြန့်စွာ ပြည်သူ့အကျိုးပြုနေသော ဆေးရုံကြီးဖြစ်ပေရာ လူနာအင်အား အဆမတန် များပြားလာသဖြင့် အလျား ပေ၂၄၀xအနံ ၅၆ပေရှိ တိုးချဲ့နှစ်ထပ် လူနာဆောင် (အဆောင်A)ကို ၁၉၉၈ခုနှစ် ဧပြီ ၃ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၂၀ရက်မှ စ၍ လူနာများကို စတင်လက်ခံကုသပေးလျက်ရှိသည်။ ထိုအဆောင်မှာ နိုင်ငံတော်အစိုးရက ကျပ်သိန်း ၉၈၀ ကျခံသုံးစွဲခဲ့သည်။

ကလေးမြို့နယ်သည် လူဦးရေ သုံးသိန်းနီးပါးရှိပြီး ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းရှိ မြို့နယ်များ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနေရပေရာ ခွဲစိတ်ခန်းနှင့်သားဖွားခန်း များစွာလိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော် အစိုးရက ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်း ၃၀၀ ခွင့်ပြု၍ ပေ၁၀၀x၅၈ပေရှိ ခွဲစိတ်ခန်းနှင့် သားဖွားခန်း နှစ်ထပ်ဆောင်ကြီးကို ၂၀၀၁ခုနှစ် ဇွန် ၁ရက်က စတင်ဆောက်လုပ်ခဲ့ရာ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၃၀ရက်က ပြီးစီးခဲ့ပြီး ကျပ်သိန်းပေါင်း ၁၁၇၆ ဒသမ ၂၂ ကုန်ကျခဲ့သည်။

ခုတင်(၂၀၀)ဆံ့ ကလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီး။

ထိုခွဲစိတ်ခန်းနှင့် သားဖွားခန်း နှစ်ထပ်ဆောင်တွင် အပေါ်ထပ်၌ခွဲစိတ်ခန်း လေးခန်းပါရှိပြီး အောက်ထပ်တွင် သားဖွားဆောင်ထားရှိကာ ကိုယ်ဝန်ဆောင်မိခင်သုံးဦးကို တစ်ပြိုင်နက်တည်း မွေးဖွားပေးနိုင်သည့်သားဖွားခန်းတစ်ခန်း ပါဝင်သည်။

နောက်ထပ်၍ လူနာဆောင်(B) ကိုလည်း နိုင်ငံတော်အစိုးရမှ ခွင့်ပြုချက်ရန်ပုံငွေရရှိပါက တိုးချဲ့ဆောက်လုပ်သွားဦးမည် ဖြစ်သည်။ အထူးသဖြင့် ကလေးဒေသသည် နေရာဒေသများစွာ ကျယ်ဝန်းနေပေရာ ဆရာဝန်၊ သူနာပြုများ တိုးချဲ့ခန့် ထားပေးခြင်း၊ ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ လူနာဆောင်များ တိုးချဲ့ဆောက်လုပ်ပေးခြင်းတို့ လိုအပ်နေပါသေးသည်။

ယခုအခါ ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းမှ စ၍ အောက်ခြေအထွေထွေလုပ်သားအထိ ဝန်ထမ်းပေါင်း ၂၃၈ဦးတို့က စစ်ကိုင်းတိုင်းအထက်ပိုင်းဒေသများ၊ ကလေးဒေသများနှင့် ချင်းပြည်နယ် ဒေသတို့ကိုပါ ကျန်းမာရေး စောင့်ရှောက်ကုသပေးလျက်ရှိသည်။ အထူးကုဆရာဝန်ကြီးများက ဘာသာရပ် ၁၂ခုဖြစ်သော (၁) ခွဲစိတ်ပညာ၊ (၂) ဆေးပညာ၊ (၃) သားဖွားမီးယပ်ပညာ၊ (၄) ကလေးရောဂါပညာ၊ (၅) မေ့ဆေးပညာ၊ (၆) အရိုးရောဂါပညာ၊ (၇) မျက်စိရောဂါပညာ၊ (၈) သွားနှင့်ခံတွင်းရောဂါပညာ၊ (၉) ဓာတ်မှန်ပညာ၊ (၁၀) ရောဂါဗေဒ၊ (၁၁)စိတ်ရောဂါ ပညာနှင့် (၁၂) နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ပညာများဖြင့် ပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တက်ညီလက်ညီ စေတနာပါပါ ဆောင်ရွက်ပေးလျက်ရှိသည်။

ကလေးမြို့ပြည်သူ့ဆေးရုံကြီးရှိ ဆရာဝန်၊ ဆရာမ၊ သူနာပြု ဝန်ထမ်းများ၏ နွေးထွေးပျူငှာဖော်ရွေသော စေတနာကြောင့် လူနာအများအပြားကို ကုသပေးနေရသည်။ အထွေထွေရောဂါကုဆေးရုံကြီး စတင်ဖွင့်လှစ်သည့် ၁၉၉၈ခုနှစ်က အတွင်းလူနာ ၃၀၈၇ဦး၊ အပြင်လူနာ ၅၀၇၀၊ ခွဲစိတ်ကုသမှု ၆၅၃ဦး၊ မွေးလူနာ ၂၄၄ဦးသာရှိခဲ့ရာမှ ၂၀၀၃ခုနှစ်တွင် အတွင်းလူနာပေါင်း ၇၂၈၉ဦး၊ အပြင်လူနာ ၁၆၄၀၇ဦး၊ ခွဲစိတ်ကုသမှု ၁၄၇၅ဦး၊ မွေးလူနာပေါင်း ၅၇၀ တို့၏ ကျန်းမာရေးကို ဆတက်ထမ်းပိုးတိုး၍ ကုသပေးနေရသည်။ ဆရာဝန်များ၊ ဆရာမများ၏ နွေးထွေးကြင်နာ ကရုဏာပါသော စေတနာတို့ကြောင့် ပြည်သူများ ယုံကြည်အားထားခြင်း ခံနေရသော ဆေးရုံကြီး ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကလေးမြို့နယ်သူ မြို့နယ်သားများ ဆောက်လုပ်လှူဒါန်းထားသော ကိုယ့်အားကိုယ်ကိုး ဆေးရုံကြီး။

စစ်တွေမြို့နယ် ယဉ်ကျေးမှုစာမေးပွဲ ဆုနှင်းသဘင် အခမ်းအနားကို မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကျောင်းတွင် မေ ၃ရက်က ပြုလုပ်ရာ ဆုရကျောင်းသူတစ်ဦးအား မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ထွန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ကလောမြို့၌ စူဠဘွဲ့နှင်းပွဲကျင်းပ

ကလော ဧပြီ ၈

ကလောမြို့ (၇၁)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်နှင့်(၇၂)ကြိမ်မြောက် အစိုးရ ပါဠိပထမပြန်စာမေးပွဲ စာဖြေသံဃာတော်တို့အတွက် ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စလှူဒါန်းခြင်း အခမ်းအနားကို ကလောမြို့ မဟာဓမ္မိကာရာမ သိမ်တောင် ပရိယတ္တိ စာသင်တိုက်တွင် ဧပြီ၄ရက်က ကျင်းပသည်။

မြို့နယ်သံဃနာယကဥက္ကဋ္ဌ မြို့မ ပရိယတ္တိ စာသင်တိုက် ဆရာတော် ဦးကုသလ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်၊ အတွင်းရေးမှူး ဦးမြင့်နိုင်နှင့် ဌာနဆိုင်ရာများမှ ဆွမ်း၊ ကွမ်း အလှူရှင် ဒါယကာ၊ ဒါယိကာမများက သံဃာအပါး ၂၃၀ တို့ကို စာအောင်လက်မှတ်နှင့် စာအောင်ဆုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ **(က-ပ)**

တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်း ဧပြီ ၂၂ ရက်က ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ရုံးသစ်ကို ခရိုင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်သူသူမင်းစံ နှင့် ခရိုင်အမျိုးသမီးရေးရာ နာယက ဒေါ်နန်းခမ်းဆောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ညောင်ရေသွန်းလောင်းပွဲကျင်းပ

ရန်ကုန် မေ ၁၀

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မေ၃ရက် (ကဆုန်လပြည့်နေ့)က ကဆုန်ညောင်ရေသွန်းပွဲတော်ကို မော်လမြိုင်မြို့ရှိ သမိုင်းဝင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၊ ကျိုက်သုတ်စေတီတော်မြတ်ကြီး၊ လောကမုန်ကူနှင့် လောကဥဿျှောင် စေတီတော်မြတ်ကြီးနှင့် မုပွန်နယ်မြေတို့၌ တစ်ပြိုင်တည်း စည်ကားသိုက်မြိုက်စွာကျင်းပရာ မွန်ပြည်နယ် မော်လမြိုင်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝတ်ရွတ်အသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ၊ ဗုဒ္ဓဘာသာဝင်များက ဗောဓိညောင်ပင်များ၌ ညောင်ရေသွန်းလောင်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တန်းမြို့ လွတ်လပ်ရေးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအပြီးသပ် ဆောင်ရွက်ခြင်းလုပ်ငန်းကိုမေ ၇ ရက်က ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် အငယ်တန်း အင်ဂျင်နီယာ-၂ (မြို့ပြ) ဦးသန်းလွင်ဦးတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (က-ပ)

ပန်းအလှပင်စိုက်ပျိုး

ဖန်းမော် မေ ၃

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် အဖွဲ့သည်မြို့ စိမ်းလန်းစိုပြည်သာယာ လှပစေရေးအတွက် ပျိုးဥယျာဉ်၌ ပန်းအလှပင်များ ပျိုးထောင် စိုက်ပျိုးရေး လုပ်ငန်းကို ဧပြီ ၂၆ရက်က ညွှန်ကြားရေးမှူး ဦးဝင်းမောင် လှည့်လည်ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိက လိုက်လံ ရှင်းလင်းပြသသည်။ **(မြို့နယ် စည်ပင်)**

သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ရန်ကုန် မေ ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ကြီးမှူး၍ ခရိုင်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှတပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်မိသားစုများစုပေါင်း၍ မိမိတို့မြို့နယ်ရှိ ဘုရားစေတီများ၊ ဆေးရုံများ၊ ဈေးများ စုပေါင်းသန့်ရှင်းရေးကို မေ ၉ ရက် နံနက်က တစ်ပြိုင်တည်းကျင်းပရာအဆိုပါသန့်ရှင်းရေး စုပေါင်းဆောင်ရွက်ရာသို့ ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းအောင်၊ ရဲမှူး (ဦးစီး)ရဲမှူးမောင်မောင်ရွှေနှင့် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများက လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ဂုံမင်း-မိမ္မပြေး ကျေးလက်မြေသားလမ်းဖောက်

ပန်းတနော် မေ ၅

ပန်းတနော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဂုံမင်း-မိမ္မပြေးကျေးလက်မြေသားလမ်းအား ယန္တရားကြီးများဖြင့် စတင်ဖောက်လုပ် ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ဇင်ဝေတို့က ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၃၂၇)

အမြို့မြို့ အနယ်နယ် သတင်းများ

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ကံကလေး ကျေးရွာချင်းဆက် မြေသား လမ်းခင်းခြင်း လုပ်ငန်းကို ပဲခူးတိုင်း (အနောက် ပိုင်း) စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြား ရေး မှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးတင့်ဆွေတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ

၁၃-၅-၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်

(မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (မြန်မာ့လက်ဖက်ခြောက်မှ ဂရင်းတီးထုတ်လုပ်မှု)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)နေပျော်တဲ့ဘဝ(တာရာမျိုး) (၂)ရှိတ်စပီးယားပုံပြင်များ

(ပထမတွဲ)(မောင်သိန်းလွင်-ပြန်ဆိုသည်)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ရှေ့လာမည့်နှစ် ၅၀ အကြောင်း-ဒုတိယပိုင်း-မောင်ဆုရှင်)

၁၂:၃၀ အစာနှင့် အာဟာရ (မန္တလေးမုန့်ဟင်းခါး)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတရေးရာဖြေကြားလွှာ

ရပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ ထပ်ဆင့်ရှင်းလင်းပွဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း)သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ဧပြီ၁၉ ရက်က ကျင်းပရာ မြို့နယ်ဗီဒီယို ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမျိုးအောင် အမှာစကားပြောကြားစဉ်။ (၁၀၆)

သမဝါယမ ထုတ်ကုန်ပစ္စည်းပြပွဲ ရွှေဘို၊ ကလေး၊ တမူးနှင့် မုံရွာ မြို့များ၌ စည်ကားစွာကျင်းပမည်

ရန်ကုန် မေ ၁၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး၏ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်းရွှေခြသေ့်သမဝါယမအသင်းလီမိတက်မှ စုစည်း၍ သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ မေ၂၂ရက်မှ၂၆ရက်အထိ လည်းကောင်း၊ ကလေးမြို့ မြို့နယ်အားကစားကွင်း၌ ဇွန်၁ရက်မှ ၅ရက်အထိလည်းကောင်း၊ တမူးမြို့ စက်ရောင်ဘီးလူးခန်းမ၌ ဇွန်၁၁ရက်မှ ၁၅ရက်အထိလည်းကောင်း၊ မုံရွာမြို့ မြို့နယ်အားကစားကွင်း၌ ဇွန်၂၂ရက်မှ ၂၆ရက်အထိလည်းကောင်း နေ့စဉ် နံနက်၉နာရီမှ ည၉နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါဈေးရောင်းပွဲတော်၌ ဖျော်ဖြေရေးအစီအစဉ်များ၊ကုန်ပစ္စည်း သရုပ်ပြရှင်းလင်းပွဲများပါရှိရာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု ဝယ်ယူအားပေးနိုင်သည်။ ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြသေ့်သမဝါယမ အသင်းလီမိတက်၊အဆောင်(၂) ပထမထပ်၊ မဟာကျော်ကုန်တိုက်၊ သိမ်ကြီးဈေး(စီ)ရုံ၊ရွှေတိဂုံဘုရားလမ်း၊ရန်ကုန်မြို့၊ ဖုန်း-၃၇၁[illegible]၊ [illegible] ၃၉၄၊ ၄၀၈၊ ၂၄၀၆၀၀ လိုင်းခွဲ-၄၃၂၊ ရုံးချိန် ပြင်ပ ၆၃၅၂၆၄တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

S စူပါခမ်းတုန်တိုက်သကြံန်ကာလ ကံစမ်းမဲအထူးအစီအစဉ်မှကံထူးသူများစာရင်း

ပထမဆု	အခြားဆုမဲများ	Blender	IRON
